# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၇၀)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများက မကွေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်သတင်းဌာန NHK နှင့် တွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြားစဉ်။
သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## မကွေးတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ နိုင်ငံတော်သမ္မတရုံး အမြဲတမ်းအတွင်းဝန် ဦးခင်လတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးလှသန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မကွေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လမ်းညွှန် အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မကွေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လမ်းညွှန် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဂျပန်သတင်းဌာန NHK နှင့်တွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြား မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံ

**တိုကျို အောက်တိုဘာ ၆**

(၁၀) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာ ၆ ရက်တွင် ဂျပန်သတင်းဌာန NHK နှင့် တွေ့ဆုံ၍ မေးမြန်းမှုများကိုဖြေကြားပြီး မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

**မေးမြန်းချက်များကို ဖြေကြား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်သတင်းဌာန NHK ရန်ကုန်ရုံးခွဲတာဝန်ခံ Ms.Orie SUGIMOTO နှင့်အဖွဲ့အား ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် Hotel New Otani Tokyo ၌ လက်ခံတွေ့ဆုံပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေ၊ မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးမှ ရရှိလာနိုင်မည့် အကျိုးရလဒ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် အခြားမေးမြန်းချက်များကို ဖြေကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် Hotel New Otani Tokyo ၌ တွေ့ဆုံသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

**ခေတ်သစ်ကျွန်ပြုခြင်းမှ လွတ်ကင်းကြပါစေ**

စာမျက်နှာ - ၆

**အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ဒေါ်လာသန်းချီ တန်သော ဒုံးကျည်များ ဝယ်ယူရန် လက်မှတ်ရေးထိုး**

စာမျက်နှာ - ၁၄

**လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်**

**နေပြည်တော် အောက်တိုဘာ ၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**




မြန်မာ့အလင်း

# အလိမ်အညာတို့၏ ညွှတ်ကွင်းထဲ သက်ဆင်းမကျရောက်စေရအောင်

အလိမ်အညာ အတုအပတို့ကြောင့် ဒုက္ခမရောက်စေရေး၊ သောကမပွေရရေးအတွက် ဆိုင်ရာဆိုင်ရာတို့က မီဒီယာတို့မှတစ်ဆင့် သတိပေး အသိပေးနေကြသည်။ လိမ်ညာလှည့်ဖြားကာ ကိုယ်ကျိုးရှာသည့် ဝိသမလောဘသားတို့က နိုင်ငံအနှံ့ကျေးလက်တောရွာများအထိ ကွင်းဆင်းဖြန့်ကြက်၍ သားကောင်ရှာနေသည့် အနေအထားမျိုးဖြစ်ရာ အိမ်တိုင်ရာရောက် တံခါးလာခေါက်လိမ်လည်မှုတို့ အချိန်မရွေး မိမိထံရောက်လာနိုင်သည်ကို သတိမူကြဖို့ပင်ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် သတိပေးကြေညာချက်က ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမားအချို့ စာရွက်စာတမ်းအတုကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခံရမှုများကို အကြောင်းပြု၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသည့် အလုပ်သမားများမှာ ပွဲစားများနှင့် ချိတ်ဆက်၍ နိုင်ငံကူးလက်မှတ်ပြုလုပ်ပြီး တရားမဝင်လမ်းကြောင်းမှ သွားရောက်ခဲ့ကြသူများဖြစ်သည်။ တစ်ဖက်နိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်နိုင်ရန်မှာ မိမိနိုင်ငံမှ ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားရုံဖြင့် မပြီးဘဲ တစ်ဖက်နိုင်ငံမှ ဗီဇာခေါ် ပြည်ဝင်ခွင့်ကိုလည်း ရရှိထားဖို့လိုပြီး အလုပ်လုပ်ကိုင်ခွင့်ကိုပါ ရရှိထားရမည်ဖြစ်သည်။ မိမိနိုင်ငံမှ ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်တစ်စောင်ကို ကိုင်ဆောင်ကာ ကျန်စာရွက်စာတမ်းများကိုမူ အတုပြုလုပ်ပြီး အလိမ်ခံရသည့် မြန်မာအလုပ်သမားအဖို့မှာမူ အိမ်ပေါင်ယာပေါင်ခဲ့ရသည့် စရိတ်စကတို့ ဆုံးရှုံးရမည်ဖြစ်သလို တစ်ဖက်နိုင်ငံ၏ တရားဥပဒေအရလည်း ကြီးလေးသောထောင်ဒဏ်/ငွေဒဏ်တို့ ကျခံရနိုင်သည့်အတွက် အလိမ်အညာမခံရရေး အထူးသတိပြုဖို့လိုကြမည် ဖြစ်သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်ကလည်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အသိပေးကြေညာထားပါလျက်နှင့် မက်လုံးပေးအယုံသွင်း လိမ်ညာမှုများဖြစ်ပေါ်လာခဲ့ခြင်းကို အကြောင်းပြုသည်။ ကျေးလက်နေတောင်သူတို့အဖို့ မိမိတို့လုပ်ပိုင်ခွင့်ရထားသည့် လယ်ယာမြေကို အကြောင်းပြုကာ ချေးငွေထုတ်ပေးမည့် ကုမ္ပဏီများမှကိုယ်စားလှယ်များ မိမိတို့ ရပ်ရွာသို့ ရောက်ရှိလာပြီဆိုပါက အယုံမလွယ်ကြဖို့နှင့် မှန် မမှန် ဆန်းစစ်ကြဖို့ပင် ဖြစ်သည်။ တစ်ကေလျှင် ကျပ်ငါးသိန်းချေးမည်၊ ၁၀ သိန်းချေးမည် စသည်ဖြင့် မက်လုံးပေးသည့်အပေါ်တွင် အရမ်းကာရောယုံကြည်လိုက်ကြပြီး ချေးငွေမရဘဲ မိမိဘက်မှ ရှိတာလေးတွေ ပါသွားရသည့်အဖြစ်မျိုး မကျရောက်စေရန် သတိမူကြရမည်ဖြစ်သည်။ ကုမ္ပဏီအမည်ခံသူတို့က အယုံသွင်းလိမ်ညာမှုများကို ပျဉ်းမနား၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ မြောင်းမြ၊ ဝါးခယ်မ၊ မိုးညှင်း၊ မိုးကောင်း၊ ပုလဲ၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ ဇေယျာသီရိ၊ ကျောက်ဆည်၊ တောင်ငူ၊ ဝမ်းတွင်း၊ ရွှာငံ၊ မြစ်သားစသည့် ဒေသများတွင် ပြုလုပ်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖတ်ရှုရသည်။

မက်လုံးပေး အယုံသွင်းလိမ်ညာမှုများကို အကြေ၊ အညာ၊ မြေလတ်၊ တောင်ပေါ်၊ မြေပြန့်ဒေသအသီးသီးမှာ ကျူးလွန်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ဝိသမလောဘသမားတို့က အလုပ်လုပ်လိုသည့် အလုပ်သမားများ အပေါ်မှာရော၊ စိုက်ပျိုးထုတ်လုပ်မှုပြုလုပ်ကြသည့် တောင်သူလယ်သမားများအပေါ်မှာပါ အမြတ်ထုတ် ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ မိမိတို့ကိုယ်တိုင် အလိမ်အညာမခံရရေးအတွက် သတိပြုရှောင်ရှားကြရန်နှင့် လိမ်ညာလုပ်ကိုင်ကြသည့် ကုမ္ပဏီ၊ လူပုဂ္ဂိုလ်တို့ကို ဖော်ထုတ်အရေးယူရာတွင်လည်း ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း။ ။

## သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(သံတွဲမြို့)

၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ (၂၇၊၂၈) ရက် စနေနေ့၊ တနင်္ဂနွေနေ့ များတွင် နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ဒွါရာဝတီမြို့နယ်ခန်းမ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်


## ဗဟန်း၌ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

ရန်ကုန် အောက်တိုဘာ ၆

ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့က ကျောင်းသား ကျောင်းသူများ မူခင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာရရှိစေရန် ပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးပြသမှုကို ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် ဓမ္မစေတီလမ်းရှိ အ.ထ.က (၁) ဗဟန်း၌ ယမန်နေ့က မြို့နယ်ရဲတပ်ဖွဲ့မှ မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်း ဦးဆောင်၍ ကျောင်းသား ကျောင်းသူများအား ပြသရှင်းလင်းဆောင်ရွက်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ပန် အပါအဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ ခန့် လာရောက်လေ့လာ ကြည့်ရှုကြောင်း သိရသည်။

ဗလစိုး

## (၂၀၄)ကြိမ်မြောက် မြို့ဒေါင့်စေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် လှေခင်းသဘင်ပွဲနှင့် လှေပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရွှေဘို အောက်တိုဘာ ၆

ရွှေဘိုမြို့ မြို့တည်နန်းတည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်တော်မူခဲ့သော မော်ဓောမြင်သာ မြို့ဒေါင့်စေတီ (၂၀၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် လှေခင်းသဘင်ပွဲနှင့် လှေပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီက စေတီအရှေ့ဘက်မုခ်ဦး၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် ဘုရားဂေါပကဥက္ကဋ္ဌ ဦးမြအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ)



ဆက်လက်၍ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယင်းနောက် ကြွရောက်လာသော ဧည့်ပရိသတ်များကို ရေခင်းသဘင်အခမ်းအနားဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

အဆိုပါ လှေပြိုင်ပွဲကို ၁၉ တက်၊ ၁၂ တက် ပြိုင်ပွဲများဖြင့် အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထွန်းမြင့်အောင်(ပြန်/ဆက်)

## မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ ညောင်ဦးမြို့တွင်ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ညောင်ဦး-ပခုက္ကူသွား ကားလမ်းရှိ ပုဂံ-မြန်မာ စိတ်တိုင်းကျ စားသောက်ဆိုင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင် ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံစီစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ ညောင်ဦးခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၆၇-၇၉၂၁၅၊ ၀၆၇-၇၉၃၇၄၊ ဖုန်း ၀၉- ၄၂၆၉၇၉၆၄၇ နှင့် ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ဆက်သွယ်၍ အခမဲ့ စာရင်းပေးသွင်းနိုင်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်လည်း လျှောက်လွှာများ အခမဲ့ရယူပြီး အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ မြန်မာ့အသံချစ်သူများအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်အသစ်အဖြစ် အခမဲ့ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်သည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း ၀၆၇-၇၉၃၇၄၊ ၀၉-၄၂၀၇၀၂၇၉၆၊ ၀၉-၄၂၀၇၀၂၇၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာလအတွင်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ဒီဇင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တို့တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပန်းတောင်းမြို့နယ်၌ ချောင်းကမ်းပါးပြို သူရဲတန်း-ကျားကိုက် ကျေးရွာချင်းဆက်လမ်း ကိုယ့်အားကိုယ်ကိုးပြုပြင်

ပန်းတောင်း အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာ၊ ကျားကိုက်ကျေးရွာ၊ ပုသိမ်-မုံရွာကားလမ်းမကြီးသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းမှာ ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားပြီး ဆက်သွယ်ရေးပြတ်တောက်နေမှုကို ရပ်ကျေးအုပ်စု သံဃာတော်များ ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူလူထုမှ ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် လူနာတင်ယာဉ်နှင့် ယာဉ်ငယ်လေးများ ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ဆက်သွယ်ရေးလမ်းရှိ ကျားကိုက်ကျေးရွာသည် သူရဲတန်းချောင်းနံဘေးတွင် တည်ရှိနေပြီး သူရဲတန်းကျေးရွာမှ ကျားကိုက်ကျေးရွာ၊ ဥသျှစ်ပင်မြို့ ပန်းတောင်းမြို့ ပြည်မြို့များသို့ နေ့စဉ်အချိန်မှန် ပြေးဆွဲနေသော ခရီးသည်တင်၊ ကုန်တင်၊ လူနာတင်၊ ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းရာဖြစ်ပြီး သုံးနှစ်ဆက်တိုက် နှစ်စဉ် ချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးများ ပြိုကျပျက်စီးကာ ဩဂုတ်လပထမပတ်တွင် လမ်းအကျယ် ငါးပေသာကျန်ရှိပြီး မော်တော်ဆိုင်ကယ်နှင့် လူများသာသွားလာရပြီး ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းမရတော့ဘဲ ဆက်သွယ်ရေးပြတ်တောက်ခဲ့ရသည်။

“ပန်းတောင်းမြို့နယ် ကျားကိုက်ကျေးရွာရှိ ပြိုကျပျက်စီးနေသောလမ်း ပြုပြင်စေလို ခေါင်းစဉ်နဲ့ မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှာ ပါလာတော့ ဒါယကာ ဒါယိကာမတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖတွေရဲ့ လျှောက်ထားချက်အရ လတ်တလော သွားလာနိုင်ရေးအတွက် အနီးကပ်အိမ်တွေကို ဝယ်ယူဖို့ ညှိနှိုင်းပေမယ့် အဆင်မပြေဘူး။ သွားလာဖို့အတွက် လူထုက ဒုက္ခရောက်နေတယ်။ ဒီတော့ ဦးပဥ္စင်းလည်း သူရဲတန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ သံဃာတော်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး သံဃာတော်တွေရဲ့ ဦးဆောင်မှု ပြည်သူလူထုလုပ်အား၊ ငွေအား စုပေါင်း လှူဒါန်းငွေကျပ် သိန်း ၄၀ ကျော်နဲ့ အလျား ပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ပေ ၃၀ ကို မျောတိုင်တွေ စိုက်ထူ၊ သဲအိတ်တွေဖို့၊ ချောင်းကျောက်တွေချပြီး ယာယီအရေးပေါ် ဆောင်ရွက်လိုက်တာ အခုတော့ လူနာတင်ယာဉ်နဲ့ ယာဉ်ငယ်လေးတွေ ဖြည်းဖြည်း မောင်းနှင်သွားလာလို့တော့ ရနေပါပြီ။ ဒါပေမယ့် ဒီချောင်းက နှစ်စဉ်ရေတိုက်စားကမ်းပါးပြိုနေတော့ ရွာပျက်သွားမှာပါ။ နိုင်ငံတော်အဆင့်က ကူညီပြီး ရေကြောင်းလွှဲတာ၊ ဘိုးပိုင်စိုက်တာ၊ ကမ်းထိန်းနံရံတည်ဆောက်တာတွေ ကူညီဆောင်ရွက်ပေးစေချင်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေချင်ပါတယ်” ဟု သူရဲတန်းကျေးရွာ သရက်တောကျောင်းတိုက်ဆရာတော် ဦးပညာသာမိက မိန့်ကြားသည်။

အောင်မြင့် (ပန်းတောင်း)





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မကွေးတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

❑ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် က မိမိအနေဖြင့် ယခုကဲ့သို့ မကွေးတိုင်းဒေသကြီးသို့လာရောက်စဉ် မိမိ၏ ဦးတည်ချက်ကို ပထမဦးစွာရှင်းလင်း တင်ပြလိုပါကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ပြည်ထောင်စုလွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးသည့်အခါ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပါကြောင်း၊ ယင်းမိန့်ခွန်း၏ အနှစ်သာရကို ပြန်လည်ပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ ပြောင်းလဲမှုဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် ပြည်သူပြည်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံး၏ ပုံစံကျနေသည့် အတွေးအခေါ်နှင့် ပုံသေကားကျ အလေ့အထများကို ပြုပြင်ပြောင်းလဲကြရန် အထူးလိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုနှောင့်နှေးနေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်ရမည် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရမည် ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရမည်ဖြစ်ပါကြောင်း၊ ဥပဒေမဲ့သိမ်းဆည်းခံရသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနှင့် နစ်နာကြေးရရှိရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း စသည်တို့ကို ပြောကြားခဲ့ပါကြောင်း။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**

ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းများလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ ချီးမြှင့်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ ဝန်ထမ်းများသည် မိမိနှင့်ထိုက်တန်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်မျှမျှတတ သုံးစွဲကြရန် လိုအပ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထု၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ပါကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုရန် လိုပါကြောင်း၊ လက်ရှိနိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုပြင်ပြောင်းလဲရေးသည် ရန်သူမဟုတ် မိတ်ဆွေကောင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် ခြိမ်းခြောက်မှုမဟုတ်ဘဲ အခွင့်အလမ်းကောင်းများသာ ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးကို ယခုကဲ့သို့ တိုက်တွန်းနေရမည်မဟုတ်ဘဲ မဖြစ်မနေ အခြေအနေနှင့် အချိန်အခါအရ လိုက်ပါပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ရာ ဝန်ထမ်းများ၏ အတွေးအခေါ်နှင့် အကျင့်စရိုက်များ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း။

ထိုသို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရန် လိုအပ်ပြီး နိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုနှင့် စိတ်အေးချမ်းသာယာမှုရှိစေရန် စီမံဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည့် အုပ်ချုပ်မှု ယန္တရားမဖြစ်စေရေးသည် အရေးကြီးပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ တာဝန်ခံမှုရှိရမည် ဖြစ်ပါကြောင်း၊ ဦးစီးခေါင်းဆောင်သူများအနေဖြင့် မိမိတို့၏ဝန်ထမ်းများကို လိုအပ်သလို လမ်းညွှန်ကြပ်မတ်နိုင်ရမည် ဖြစ်ပါကြောင်း၊ အရာထမ်း အမှုထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ CSO၊ NGO နှင့် မီဒီယာအားလုံးကလည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းကူညီမှသာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

**ပြည်သူများက ပိုမိုယုံကြည်**

တရားစီရင်ရေးအပိုင်းတွင်လည်း ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရာတွင်လည်း လုပ်ပိုင်ခွင့်ရှိသူများနှင့် အာဏာရှိသူများ၏ ဝင်ရောက်စွက်ဖက်မှုကင်းရန် လိုအပ်ပါကြောင်း၊ မှန်ကန်ပြီး တရားမျှတသောတရားစီရင်ရေးဖြစ်မှသာ ပြည်သူများက ပိုမိုယုံကြည်ကိုးစားလာကြမည် ဖြစ်ပါကြောင်း။

ဥပဒေပြုရေးအပိုင်းတွင်လည်း တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးပြုနိုင်သည့် ဥပဒေများဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြဋ္ဌာန်းမည့် ဥပဒေများသည် ဒေသအတွက် အမှန်တကယ်အကျိုးရှိ မရှိ၊ နိုင်ငံတော်၏မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဆီလျော်မှု ရှိ မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ မညီ စိစစ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအပိုင်းများသည် အပြန်အလှန် ထိန်းကျောင်းကြရန် လိုအပ်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ စွက်ဖက်မှုမရှိရန် ဂရုပြုကြရမည် ဖြစ်ပါကြောင်း။

**အပြန်အလှန် ချိတ်ဆက်လျက်ရှိ**

အဂတိကင်းစင်ရေး ဆောင်ရွက်ရာတွင် ကျောသားရင်သား၊ ဆူကြံ့နိမ့်မြင့်မခွဲခြားဘဲ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အဂတိတိုက်ဖျက်ရေးကော်မတီများကို ထပ်မံတိုးချဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့သည် အပြန်အလှန် ချိတ်ဆက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအပိုင်းတွင် တရားဥပဒေအထက်တွင် မည်သူမျှမရှိစေရဆိုသည့်အတိုင်း တရားဥပဒေနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဌာနဆိုင်ရာများ၊ CSO၊ NGO နှင့် မီဒီယာများပါ ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း၊ လုပ်ပိုင်ခွင့်နှင့် အာဏာရှိသူများ ဝင်ရောက်စွက်ဖက်မှုကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးတွင်လည်း မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို ဖွင့်လှစ်ထားပြီး ပြည်သူတို့၏ တိုင်ကြားချက်များကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီး ထိရောက်စွာ ဆက်လက်ကိုင်တွယ်ဆောင်ရွက်လျက် ရှိနေပါကြောင်း။

**စစ်ဆေးကြပ်မတ် တည့်မတ်ပေး**

ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ဒေသအတွက်အကျိုး ရှိ မရှိ ထောက်ပြဝေဖန်ပေးနိုင်ကြရန်နှင့် တည့်မတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြုဆောင်ရွက်သည့်စီမံကိန်းများသည် ဒေသနှင့်ဆီလျော်သည့် ဒေသအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အနေဖြင့်လည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ သုံးစွဲနိုင်ရေး စစ်ဆေးကြပ်မတ် တည့်မတ်ပေးစေလိုပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများအတိုင်း တိကျမှန်ကန်စွာ စိစစ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး မိမိတို့လိုအပ်သလို အဓိပ္ပာယ်ဖွင့်ဆိုခြင်းများဖြင့် မဆောင်ရွက်ကြစေလိုပါကြောင်း၊ စွန့်လွှတ်ပြီး မြေများကို မူလပိုင်ရှင် တောင်သူလယ်သမားများထံ မြန်မြန်ဆန်ဆန် ပြန်လည်ရောက်ရှိစေရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံသူနိုင်ငံသားများအတွက် အလုပ်အကျွေးပြုရမည့် ဝန်ဆောင်မှုပေးရမည့်နေရာဌာနများသို့ ရောက်ရှိနေသည်ဟု မှတ်ယူကြရမည်ဖြစ်ပြီး တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်နှင့် နိုင်ငံသူ နိုင်ငံသားများအကျိုးကို ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု အခွင့်အရေးကို လိုက်ပါဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ကျရာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် မိမိတို့၏ ဂုဏ်သိက္ခာကို မြင့်မားစေပါကြောင်း၊ ခေတ်ဟောင်း စနစ်ဟောင်းတစ်ခုမှ ခေတ်သစ် စနစ်သစ်သို့ ပြောင်းလဲရာတွင် စိန်ခေါ်မှုများကို တွေ့ကြုံရပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာက လွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက တရားလွှတ်တော်လုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ ခေါ်ယူ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ ခေါ်ယူဆောင်ရွက်စေလိုပါကြောင်း၊ တာဝန်ယူ ဆောင်ရွက်ကြသူများအနေဖြင့် ဥပဒေကိုမသိ၍ အမှုမဲ့အမှတ်မဲ့ လုပ်ဆောင်မိပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းနိုင်ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်၌ မေးခွန်းနှင့်အဆိုများ မေးမြန်းတင်သွင်းခြင်းကို လွှတ်တော်ဥပဒေများနှင့်အညီ စိစစ်ရန် လိုအပ်ပါကြောင်း။

**လူ့အခွင့်အရေးကို လေးစားလိုက်နာ**

တရားစီရင်ရေးကဏ္ဍတွင် အမှုအခင်းများကို မြန်မြန်ဆန်ဆန်မှန်မှန်ကန်ကန်နှင့် ဘက်လိုက်မှုကင်းသောတရားစီရင်ရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် ဥပဒေ၏ရှေ့မှောက်တွင် အားလုံးအညီအမျှဖြစ်ရန် လိုအပ်ပြီး ပြစ်မှုနှင့် ပြစ်ဒဏ်မျှတရန်လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ကာကွယ်မြှင့်တင်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီးအစိုးရအနေဖြင့် နိုင်ငံတော်၏မူဝါဒများနှင့် လုပ်ငန်းလမ်းညွှန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များမှန်ကန်ခြင်း၊ မြန်ဆန်ခြင်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ ထို့အပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဌာနဆိုင်ရာများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြပ်မတ်စောင့်ကြည့်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးတို့ကို ပိုမိုဂရုပြုဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မကွေးမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်၊ ဓာတ်ပုံ-သန်းနိုင်ဦး(ငဖဲ)**

◆ **အဂတိကင်းစင်ရေး ဆောင်ရွက်ရာတွင် ကျောသားရင်သား၊ ဆူကြံ့နိမ့်မြင့်မခွဲခြားဘဲ ဆောင်ရွက်ကြရမည်၊ အဂတိလိုက်စားမှုကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အဂတိတိုက်ဖျက်ရေးကော်မတီများကို ထပ်မံတိုးချဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံစဉ်။

သတင်းစဉ်

* ရှေ့စာမှ

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးဆက်အောင်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ စစ်သံမှူး ဗိုလ်မှူးချုပ် စောမင်း၊ သံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် Ambassador H.E. Ms. Rosario Manalo ဦးဆောင်သော လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုနှင့် အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ARSA အကြမ်းဖက်အဖွဲ့၏ လုပ်ဆောင်မှုအခြေအနေများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ UNDP ၊ UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Ambassador H.E. Ms. Rosario Manalo နှင့်အတူ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ Ambassador H.E. Mr. Kenzo Oshima ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ Ambassador H.E. Ms. Rosario Manalo အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် နည်းပညာဖွံ့ဖြိုးရေး၊ လေ့ကျင့်ပညာပေးရေး ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယမန်နေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ TATA Distribution Dehli ၏ Technological Centre သို့ သွားရောက်ခဲ့ပြီး Dehli မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထိန်းချုပ်မှု၊ ဓာတ်အားပျောက်ဆုံးမှုများ စီမံထိန်းချုပ် ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာခဲ့ပြီး (ဝဲပုံ) နည်းပညာဖွံ့ဖြိုးရေး၊ လေ့ကျင့်ပညာပေးရေးကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆက်လက်ကျင်းပသည့် 2nd Global Renewable Energy (RE) - INVEST 2018 နောက်ဆုံးနေ့အခမ်းအနားတွင် Defining green aviation through biojet fuels ဆိုင်ရာကဏ္ဍ၊ အိန္ဒိယနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ နေစွမ်းအင်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ Clean Cooking ၊ Financial Challenges ၊ Solar Thermal Process Heat ၊ Policy Initiatives၊ RE-Invest Corporate Conclave နှင့် The Energy Transition of Germany and India စသည့်ကဏ္ဍများ၌ ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## ရခိုင်ပြည်နယ်အရေးကိစ္စ

❍ နိုင်ငံတော်အစိုးရအနေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့က လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသွားသူများကို စိစစ်လက်ခံပြီး ပြန်လည်နေရာချထားရန်၊ ပြန်လည်ထူထောင်ပေးရန် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

❍ မကြာသေးမီကပင် နိုင်ငံတကာက ယုံကြည်လေးစားရသူ ပြည်ပနိုင်ငံသား(၂) ဦးနှင့် ပြည်တွင်း ပညာရှင်(၂)ဦး ပါဝင်သည့် သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ထိုစုံစမ်းစစ်ဆေးရေးကော်မရှင်အနေနှင့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်လိုက်မှုမရှိ စုံစမ်းစစ်ဆေးဖော်ထုတ်သွားရန်ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများကလည်း ကော်မရှင်နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပြီး ဖြစ်ပါသည်။

**(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)**

❒ *ကျောဖုံးမှ*

တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဗန်းမော်-လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ကျောက်ပြားနှင့် ကြွေပြားစက်ရုံတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် “ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ” ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်က စတင်ဖွဲ့စည်းခဲ့ရာ သက်တမ်းအားဖြင့် နှစ်နှစ်ပြည့်တော့မည်ဖြစ်ကြောင်း။

နိုင်ငံ၏ စီးပွားရေးပြောင်းလဲတိုးတက်ရန်အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို အမြန်ဆုံးကျော်လွှားနိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပြီး အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ပြီး ကဏ္ဍအလိုက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအကြိမ်သည် အကြိမ်(၂၀)ပြည့်မြောက်ပြီဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၁၉)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေး လုပ်ငန်းရှင်များ၏ အခက်အခဲနှင့် အကြံပြုတင်ပြချက် စုစုပေါင်း (၂၈၃) ချက် ရှိခဲ့ကြောင်း၊ အဆိုပါအချက်များအားလုံးကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တစ်ဆင့် အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။**

**အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးခဲ့**

အဆိုပါ ပြန်ကြားချက်များထဲမှ အချို့အချက်များသည် အချိန်ယူပြီး ဆက်လက် ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပြီး လုပ်ငန်းကော်မတီ (၅) ရပ်က တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်ကာ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

မကြာသေးခင် အာရှဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်ခဲ့သည့် ၂၀၁၈ ခုနှစ် ခန့်မှန်းချက် (Asian Development Outlook 2018 Update) တွင် အရှေ့တောင်အာရှ ၁၀ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို မူလခန့်မှန်းခဲ့သည်ထက် ၀ ဒသမ ၁ ရာခိုင်နှုန်း လျော့ချပြီး ၅ ဒသမ ၁ ရာခိုင်နှုန်း ပြင်ဆင်ခန့်မှန်းခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အချက်အလက်များကို လေ့လာကြည့်မည်ဆိုပါက “GDP တိုးတက်မှုနှုန်း” အနေဖြင့် ၂၀၁၈ ခုနှစ်အတွက် ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်အတွက် ၇ ရာခိုင်နှုန်း၊ “ငွေကြေးဖောင်းပွမှုနှုန်း” အနေဖြင့် ၂၀၁၈ ခုနှစ်အတွက် ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်အတွက် ၆ ရာခိုင်နှုန်းနှင့် “ပြည်ပကုန်သွယ်ရေးငွေပေးငွေယူရှင်းတမ်းတွင် လိုငွေပြမှု” အနေဖြင့် ၂၀၁၈ ခုနှစ်အတွက် GDP ၏ ၃ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်အတွက် ၄ ရာခိုင်နှုန်းခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း၊ ထုတ်ပြန်ထားသည့် အချက်အလက်များကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုလိုငွေသည် တဖြည်းဖြည်း လျော့ကျလာလိမ့်မည်ဟု ခန့်မှန်းထားသည့် အခြေအနေဖြစ်ပါကြောင်း။

ပြည်ပကုန်သွယ်မှုအခြေအနေကို ကြည့်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၂ ဘီလီယံအထိ ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၄ ဘီလီယံ (၈၁ ရာခိုင်နှုန်း) အထိ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းပြောကြားစဉ်။**

၂၁ ရက်နေ့ထိ ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၉၇ ဘီလီယံအထိ ရရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၀၆ ဘီလီယံ ပါဝင်သည့်အတွက် (၈၅ ရာခိုင်နှုန်း)အထိ ပိုမိုတိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ ပို့ကုန်အနေဖြင့် ၁ ဒသမ ၆၃၂ ဘီလီယံအထိ



**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းပြောကြားစဉ်။**

ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုလိုငွေအနေဖြင့်လည်း အမေရိကန်ဒေါ်လာသန်း ၉၀၀ ခန့် လျော့ချဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ရင်းနှီးမြှုပ်နှံနိုင်အောင်စီစဉ်ပေးခဲ့**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင်အစီအစဉ်များရေးဆွဲပြီး ဆောင်ရွက်နေပါကြောင်း၊ ယခုဆိုလျှင် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် ဂျပန်၊ ကိုရီးယားနိုင်ငံသားများ၊ မကာအိုနှင့် ဟောင်ကောင်တို့မှ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ဗီဇာကင်းလွတ်ခွင့်ပြုခဲ့သည့်အပြင် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် တရုတ်နိုင်ငံသားများကို ဆိုက်ရောက်ဗီဇာခွင့်ပြုပေးခဲ့ပြီး ခရီးသွားများအပါအဝင် ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံကို လွယ်ကူချောမွေ့စွာနှင့် လာရောက်လည်ပတ်ရင်းနှီးမြှုပ်နှံနိုင်အောင် စီစဉ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မကြာသေးခင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တရားဝင်သတင်းထုတ်ပြန်ကြေညာခဲ့သည့် ကမ်းလွန်လုပ်ကွက်အမှတ် A-6 မှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းခြင်းကြောင့် မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မျှော်လင့်ရပါကြောင်းနှင့် ပို့ကုန်တန်ဖိုးကိုလည်း တိုးမြှင့်နိုင်မည့် အလားအလာများရှိနေပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းတွင် အသေးစိတ်ဆောင်ရွက်ရမည့်ကိစ္စများအတွက် Action Plan များလည်း ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်သူအားလုံးပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုသို့ လျှောက်လှမ်းရာ၌ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍမှလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့်လည်း ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက်



**ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်။**

မိမိတို့အသင်းအဖွဲ့များ၏ ကြုံတွေ့နေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**အသေးစားနှင့်အလတ်စား ဖွံ့ဖြိုးတိုးတက်ရေး**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဗန်းမော်-လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း ဥက္ကဋ္ဌဒေါ်ရီရီစိန်၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်စိန်၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဝင်းဇော်၊ ကြွေပြားလုပ်ငန်းရှင် ဦးစိုးမင်းသန့်နှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲ၊ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

## အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အမျိုးသားမဟာဗျူဟာစီမံချက်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်ရှိ Shwe San Eain Hotel ၌ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသား မဟာဗျူဟာစီမံချက်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကျင်းပခဲ့ရာ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မူးယစ်ဗဟိုအောက်ရှိ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့မှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊UNODC မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။

အစည်းအဝေးတွင် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားမဟာဗျူဟာစီမံချက်ရေးဆွဲရေးနှင့် ပတ်သက် ၍ ထုတ်လုပ်မှုလျော့ချရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ နိုင်ငံတကာပူးပေါင်းဆောင် ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး၊ လူ့အခွင့်အရေးနှင့်အညီဖြစ်စေရေး၊ သုံးစွဲမှုလျော့ချရေးနှင့် ကျန်းမာရေးကဏ္ဍများ ရှင်းလင်းတင်ပြပြီး အမျိုးသား




မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် အမျိုးသားမဟာဗျူဟာစီမံချက် ရှေ့ဆက်ဆောင်ရွက်မည့် Timeline ရေးဆွဲခြင်းနှင့် တက်ရောက်လာသူများက အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်သစ်ကျွန်ပြုခြင်းမှ လွတ်ကင်းကြပါစေ

မောင်ခိုင်မာ(အထက်မင်းလှ)

**မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ သို့သော် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင် မြန်မာနိုင်ငံကို အဆင့် (၂) စောင့်ကြည့်စာရင်းမှ အဆင့် (၃) သို့ လျှော့ချခဲ့ကြောင်း သိရသည်။ မည်သို့ဆိုစေ မြန်မာနိုင်ငံအနေဖြင့် ဘက်ပေါင်းစုံမှ အရှိန်မြှင့်ဆောင်ရွက်နေသည်သာ ဖြစ်၏။**

**လူကုန်ကူးမှု**

ယနေ့ ကမ္ဘာကြီးတွင် မူးယစ်ဆေးဝါးမှောင်ခိုခြင်း၊ လက်နက်မှောင်ခိုခြင်းများပြီးလျှင် လူကုန်ကူးခြင်းက တတိယ ဝင်ငွေအကောင်းဆုံးသော လုပ်ငန်းဖြစ်နေ၍ ကမ္ဘာပေါ်တွင် နှစ်စဉ်အမျိုးသမီးနှင့်ကလေးသူငယ် ၂ ဒသမ ၅ သန်းခန့် လူကုန်ကူးခံကြရကြောင်း၊ အာရှဒေသတစ်ခုတည်းမှာပင် လူကိုးသန်းခန့်မှာ လူကုန်ကူးခံရသူများဘဝကျရောက်နေကြရပြီး လူကုန်ကူးမှုများ၏ ၅၄ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသတွင်ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုဟူသည်မှာ " လူအများစုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးပို့ခြင်း၊ ထိန်းသိမ်းထားခြင်း၊ လက်ခံထားခြင်း တို့ကို ခြိမ်းခြောက်ခြင်း၊ အင်အားသုံးအကျပ်ကိုင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လိမ်လှည်လှည့်ဖြားခြင်း၊ ဩဇာ အာဏာသုံးခြင်းနှင့် မက်လုံးပေးခြင်းနည်းလမ်းများဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ရန်၊ ပြည့်တန်ဆာနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်၊ အတင်းအဓမ္မစေခိုင်းရန်၊ ကျွန်အဖြစ်စေခိုင်းရန်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ထုတ်ယူရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်" ဟူ၍ ကမ္ဘာ့ကုလသမဂ္ဂ၏ လူကုန်ကူးမှုဆိုင်ရာ သဘောတူညီချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၂၀၀၅) တွင် " လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူ တစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း ၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုသည်" ဟု သတ်မှတ်ထားပြီး ပြုလုပ်မှုများကို (က) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ (ခ) သွေးဆောင်ခေါ်ယူခြင်း၊ (ဂ) လိမ်လည်ခြင်း၊ (ဃ) လှည့်ဖြားခြင်း ၊ (င) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ (စ) တစ်ဦး တစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း (ခေါင်းပုံဖြတ်ခြင်း ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူ တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ကဲ့သို့နိုင်စေခြင်း ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါး ခန္ဓာကိုယ်၏ အစိတ်အပိုင်း အားထုတ်ယူခြင်း၊ ရောင်းချခြင်း တို့ကို ပြုရာမှ ငွေကြေး၊ အကျိုးအမြတ်လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်းပါဝင်သည်) ဟူ၍ ဖော်ပြပြဋ္ဌာန်းထားသည်။

**သမိုင်းကြောင်း**

လူကုန်ကူးခြင်းသည် ရှေးယခင်ကပင် ကမ္ဘာတစ်လွှားရှိခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင်မှ နိုင်ငံတကာက အာရုံစိုက်လာခြင်းဖြစ်သည်။ ၁၉၈၀ နောက်ပိုင်းကာလ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲတွင် နိုင်ငံများအကြား သွားလာဆက်ဆံမှု ပွင့်လင်းလွတ်လပ်သွားသည်။ ကမ္ဘာကြီးက ရွာတစ်ရွာဖြစ်သွားသည်။ နိုင်ငံအများအကြား ဖွံ့ဖြိုးမှု မညီညာသောအခါ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဆင်းရဲသော နိုင်ငံများရှိ လူအချို့က စီးပွားရေးအဆင်ပြေနိုင်မည် ထင်သော နိုင်ငံတစ်ခုဆီသို့ ရေကြည်ရာ မြက်နုရာသွားရောက်အလုပ်လုပ်လိုစိတ်၊ မိမိဘဝအတွက် ပညာရေး၊ ကျန်းမာရေးမှအစ အခြေလှမည်ထင်သည့် နိုင်ငံတစ်ခုဆီသို့ စီးမျောရွှေ့ပြောင်းသွားကြသည်။ ထိုသို့ ရွှေ့ပြောင်းသွားလာရာတွင် ပညာရည်အဆင့်၊ အရင်းအနှီးငွေကြေး၊ ဗဟုသုတအားနည်းသူတို့က အားကိုးအားထားရှာကြသည်။ ထိုသူတို့ကို လူရည်လည်သူများက ဆက်သွယ်ရှာဖွေဝန်ဆောင်မှုပေးကြရာမှ အမြတ်ရလိုမှု၊ ခေါင်းပုံဖြတ်လိုမှုတို့ကြောင့် လူကုန်ကူးမှုပေါ်ပေါက်လာလေသည်။

**လူကုန်ကူးခံရသူ နှစ်မျိုးရှိ**

လူကုန်ကူးခံရသူ နှစ်မျိုးရှိသည်။ ၎င်းမှာ ကယ်တင်ထားသော လူကုန်ကူးခံရသူများနှင့် လမ်းခရီးတွင် တားဆီးခံရသူများဟူ၍ ဖြစ်သည်။ ကယ်တင်ထားခြင်းခံရသူများက လူကုန်ကူးသူများထံမှ လွတ်မြောက်လာကြသူများဖြစ်ပြီး ၎င်းတို့သည် လူကုန်ကူးသူများထံတွင် တစ်နည်းနည်းဖြင့် ခေါင်းပုံဖြတ်ခံရပြီးသူများဖြစ်သည်။ လမ်းခရီးတွင် တားဆီးခံရသူများမှာ လူကုန်ကူးမှုဆိုးများက သွေးဆောင်ဖြားယောင်းပြီး သယ်ယူပို့ဆောင်စဉ် လမ်းခရီးတွင် တားဆီးခံရသူများဖြစ်သည်။ ထိုသို့ တားဆီးခံရသူများတွင် ခရီးသွား စာရွက်စာတမ်းအတု၊ အလုပ်ခန့်စာအတုများ ရှာဖွေတွေ့ရှိရခြင်း သို့မဟုတ် တားဆီးစစ်ဆေးခံ တစ်အုပ်စုအတွင်းမှာပင် အချင်းချင်း မသိကြခြင်း၊ မိမိတို့သွားရောက်မည့်နေရာကို မသိခြင်း စသည့်အားနည်းချက်များ ရှိတတ်သည်။

**အခြေခံအကြောင်းအရင်းနှင့် လူကုန်ကူးမှုပုံစံများ**

လူကုန်ကူးမှုဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းအရင်းများမှာ ဆင်းရဲမွဲတေခြင်း၊ ပညာမတတ်ခြင်း၊ လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဗဟုသုတ၊ အသိပညာအားနည်းခြင်း၊ မိမိနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အခြားနိုင်ငံများကပေးသော လုပ်ခလစာကို မက်မောခြင်း၊ ကျား၊ မ လူဦးရေ အချိုးအစားမမျှတသည့် နိုင်ငံအချို့၏ သတို့သမီးလောင်း အမျိုးသမီး လိုအပ်ချက်ရှိခြင်း၊ အိမ်တွင်း အကြမ်းဖက်ခံရခြင်း၊ သဘာဝဘေးနှင့် လက်နက်ကိုင်ပဋိပက္ခဘေးတို့ကြောင့် စားဝတ်နေရေးအခက်တွေ့ခြင်း စသည်တို့ဖြစ်သည်။

လူကုန်ကူးမှုပုံစံများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပုံစံများမှာ တရုတ်နိုင်ငံနှင့် ဆက်စပ်လျှင် အဓမ္မထိမ်းမြားလက်ထပ်မှု၊ ထိုင်းနိုင်ငံနှင့်ဆက်စပ်လျှင် လုပ်အားခေါင်းပုံဖြတ်မှု၊ အဓမ္မပြည့်တန်ဆာဖျော်ဖြေမှု၊ မလေးရှားနှင့် ဆက်စပ်လျှင် အဓမ္မပြည့်တန်ဆာဖျော်ဖြေမှု၊ အဓမ္မသူတောင်းစားပြုမှု၊ အင်ဒိုနီးရှားနှင့် ဆက်စပ်လျှင် ပင်လယ်ပြင်ရေလုပ်ငန်းများ၌ လုပ်အားခေါင်းပုံဖြတ်မှုများဖြစ်ပြီး ပြည်တွင်းတွင်လည်း လူကုန်ကူးမှုပုံစံ မျိုးစုံရှိနေကြောင်း သိရသည်။

**မြန်မာနိုင်ငံလူကုန်ကူးမှု**

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှစ၍ လူကုန်ကူးမှုပြဿနာကို သတိထားမိခဲ့သည်။ ၁၉၉၅ ခုနှစ် လေးကြိမ်မြောက် ပေကျင်း ကမ္ဘာ့အမျိုးသမီးများ ညီလာခံအပြီးတွင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု တို့ကို တိုက်ဖျက်ရန် သတ်မှတ်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် လုပ်ငန်းစဉ်ချမှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတကာစံချိန် စံနှုန်းများနှင့်အညီ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး (၁) လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ (၂) ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (၃) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့တို့ကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ၂၀၀၄ ခုနှစ် ဇွန်လက စတင်ဖွဲ့စည်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် "လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့" အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ စတင်ရေးဆွဲသည်ဖြစ်၍ ယခုနှစ်သည် (၂၀၁၇-၂၀၂၁) ခုနှစ် အမျိုးသားအဆင့် တတိယငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် အိမ်နီးချင်းနိုင်ငံများအဖြစ် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကြိုတင်ကာကွယ်ရေးကဏ္ဍတွင် လက်နက်ကိုင် ပဋိပက္ခနယ်မြေများမှ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများ၊ ပြည်တွင်း ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူများ၏ နေရာများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် နေရာများတွင် UN, INGO,NGO တို့နှင့် ပူးပေါင်းကာ အသိပညာပေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် သက်ဆိုင်ရာနိုင်ငံများနှင့် ဆက်သွယ်ပြီး ကယ်တင်ခြင်း၊ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးခြင်း၊ ရသင့်ရထိုက်သည့် အခွင့်အရေးများ ခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ စွမ်းရည်မြှင့်တင်ရေးကဏ္ဍတွင်လည်း ပြည်ပသင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်း၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်စေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ဤသို့ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသော်လည်း လူကုန်ကူးမှုက လျော့နည်းသွားသည်မရှိ။ လောလောဆယ်အားဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မေလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူကုန်ကူးမှုများမှာ ရန်ကုန် ၂၉ ရာခိုင်နှုန်း၊ ရှမ်း ၃၃ ရာခိုင်နှုန်း၊ မန္တလေး ၁၆ ရာခိုင်နှုန်း၊ ကချင် ၆ ရာခိုင်နှုန်း၊ ပဲခူး ၅ ရာခိုင်နှုန်း၊ နေပြည်တော် ၄ ရာခိုင်နှုန်း၊ ရခိုင် ၃ ရာခိုင်နှုန်း၊ မွန် ၂ ရာခိုင်နှုန်း၊ စစ်ကိုင်းနှင့် ကရင် ၁ ရာခိုင်နှုန်း စီ ရှိကြောင်း သိရသည်။

> **"၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မေလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူကုန်ကူးမှုများမှာ ရန်ကုန် ၂၉ ရာခိုင်နှုန်း၊ ရှမ်း ၃၃ ရာခိုင်နှုန်း၊ မန္တလေး ၁၆ ရာခိုင်နှုန်း၊ ကချင် ၆ ရာခိုင်နှုန်း၊ ပဲခူး ၅ ရာခိုင်နှုန်း၊ နေပြည်တော် ၄ ရာခိုင်နှုန်း၊ ရခိုင် ၃ ရာခိုင်နှုန်း၊ မွန် ၂ ရာခိုင်နှုန်း၊ စစ်ကိုင်းနှင့် ကရင် ၁ ရာခိုင်နှုန်း စီရှိ"**

**လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်း**

ယနေ့ကမ္ဘာကြီးတွင် တရားမဝင် ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတို့မှာ ဆက်စပ်ဖြစ်ပွားလျက်ရှိသည်။ သို့သော် အဓိပ္ပာယ်မတူ၊ လုပ်ရပ်မတူ၊ ပြစ်မှုမတူကြပါ။ လူကုန်ကူးခြင်း၏ ဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို ရှေ့ပိုင်းတွင် တင်ပြပြီးဖြစ်၍ လူမှောင်ခိုခြင်း၏ သဘောအဓိပ္ပာယ်ကို တင်ပြလိုသည်။ "လူမှောင်ခိုခြင်း" ဆိုသည်မှာ လူတစ်ဦးသည် စာချုပ်ဝင်နိုင်ငံအတွင်းသို့ အကျိုးအမြတ် (ငွေ/ရုပ်ဝတ္ထု) တစ်စုံတစ်ရာ ရရှိခံစားနိုင်အောင်၊ တရားမဝင် ဝင်ရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**လူမှောင်ခိုမှုမြောက်ရန်** (၁) နယ်စပ်ကို ဖြတ်ရမည်၊ တရားမဝင်ဖြတ်ကျော်ခြင်း ဖြစ်ရမည်။ အကျိုးအမြတ် တစ်ခုခု ရယူရမည်။ ထိုအင်္ဂါရပ် (၃)ရပ်နှင့် ကိုက်ညီပါက လူမှောင်ခိုမှုမြောက်သည်။ **လူကုန်ကူးမှုမြောက်ရန်** (၁) သိမ်းသွင်းစုဆောင်းခြင်း၊ သယ်-ပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ လက်ခံခြင်းစသည့်လုပ်ဆောင်မှု၊ (၂) ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အာဏာပါဝါရှိသူထံမှ သဘောတူညီမှု(သို့)ငွေကြေး(သို့) အကျိုးအမြတ် တစ်စုံတစ်ရာရရှိရန် ဆောင်ရွက်သည့်နည်းလမ်း၊ (၃) ခေါင်းပုံဖြတ်ခြင်းဟူသည့် အင်္ဂါသုံးရပ်နှင့် ပြည့်စုံရမည်။ အကျိုးအမြတ်တစ်စုံတစ်ရာဖြင့် ပြည်ပသို့ ပို့ဆောင်ပေးခြင်းသည် "လူမှောင်ခိုမှု" ဖြစ်ပြီး အဓမ္မစေခိုင်းခြင်း၊ အဓမ္မပြည့်တန်ဆာပြုစေခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲထုတ်ခြင်းစသည့် ခေါင်းပုံဖြတ်မှုတစ်ခုခု ကျူးလွန်ခြင်းမရှိပါက "လူကုန်ကူးမှုဖြင့် အရေးယူ၍မရကြောင်း" ပညာရှင်တို့က သတိပေးသည်။

**၂၀၁၈ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက်**

လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက်ကို နိုင်ငံတော်က နှစ်စဉ်ချမှတ်လျက်ရှိရာ ယခုနှစ် ၂၀၁၈ အတွက် ချမှတ်ထားသော ဦးတည်ချက်များမှာ **"(၁) လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံးက ပူးပေါင်းဆောင်ရွက်ရန်၊ (၂) လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ (၃) လူကုန်ကူးခံရသူများအား စာနာ နားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ (၄) လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်"** တို့ဖြစ်သည်။

အဆိုပါ ရည်ရွယ်ချက်များကို အင်ပြည့်အားပြည့် ပူးပေါင်းဆောင်ရွက်အောင်မြင်မည်ဆိုပါက လူကုန်ကူးမှုကင်းစင်ပပျောက်မည် ဖြစ်သည်။ တစ်နည်းအားဖြင့် ရောင်းကုန်မဟုတ်သော လူသားတို့ ရောင်းစားခံရခြင်း၊ ခေတ်သစ်ကျွန်ပြုခြင်းတို့မှ လွတ်ကင်းကြလိမ့်မည်ဖြစ်ပါကြောင်း။ ။

---




## လယ်ဝေးမြို့၌ မိုးသီးနှံများ ပျက်စီးမှုအတွက် ကွန်ပေါင်းဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်

**လယ်ဝေး အောက်တိုဘာ ၆**

ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်အရ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၌ မိုးသီးနှံများ ပျက်စီးမှုအတွက် ကွန်ပေါင်းဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုး ရေးရုံးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်အရ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးသီးနှံများ ပျက်စီးမှုပေါ်တွင် ကွန်ပေါင်းဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးရာ မိုးစပါး၊ မိုးနှမ်းနှင့် မိုးဟင်းသီးဟင်းရွက်သီးနှံသုံးမျိုး စုစုပေါင်းပျက်စီးဧက ၁၄၃၀ အတွက် ကွန်ပေါင်းဓာတ်မြေသြဇာ ၂၈၆ အိတ် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီလာအောင်၊မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစောဝင်းနှင့် မြို့နယ်ဓာတ်မြေသြဇာထောက်ပံ့ရေး အဖွဲ့ဝင်များမှ တာဝန်ရှိသူများက မိုးသီးနှံ ပျက်စီးသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ တောင်သူ ၁၇၀ ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

လယ်ဝေးမြို့နယ် ဘို့ကိုးလုံးကျေးရွာမှ တောင်သူဦးရဲထွန်းက " ကျွန်တော့်စိုက်ခင်းက ပျက်စီးသွားခဲ့ပါတယ်။ ပျက်စီးဧကတွေအတွက် ကွန်ပေါင်းဓာတ်မြေသြဇာတွေထောက်ပံ့ပေးတဲ့အတွက် ကျွန်တော်တို့တောင်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အပံ့ဖြစ်ပါတယ်။ ပျက်စီးသွားတဲ့ စပါးခင်းတွေမှာ မနောသုခ စပါးမျိုးကို ပြန်လည်စိုက်ပျိုးထားပါတယ်။ ခုဓာတ်မြေသြဇာတွေရတဲ့အတွက် စိုက်ခင်းမှာ ချက်ချင်းကြဲပက်နိုင်တဲ့အတွက် အထွက်နှုန်းလည်း တိုးလာနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်" ဟု ပြောသည်။

**မေမိုးသဲ**

# “စာဖတ်ကြစို့” စီမံကိန်းဖြင့် ဆောင်ရွက်သော ကျောင်းစာကြည့်တိုက်များဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

**“စာဖတ်ကြစို့” စီမံကိန်းဖြင့် ဆောင်ရွက်သော ကျောင်းစာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ် (၉) အခြေခံပညာ အလယ်တန်းကျောင်း ခရေခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာ့အလင်း ကျောင်းစာကြည့်တိုက်အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်ခံ)ဦးကိုလေးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေ၊ မြန်မာ့စာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့ (MBAPF) အမှုဆောင် ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

**အမှာစကား ပြောကြား**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ကျောင်းစာကြည့်တိုက်များသည် ပညာရေးကဏ္ဍတွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည့်အတွက် ကျောင်းသား ကျောင်းသူများ ဖတ်ချင်ဖွယ်ကောင်းသည့် စာကြည့်တိုက်များအဖြစ် ဆက်လက်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာကြည့်တိုက်မရှိသည့် ကျောင်းစုစုပေါင်း ၂၅၀၀၀ ခန့်တွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးစနစ်တွင် သင်ယူခြင်းသည် အရေးကြီးပြီး ဘဝတစ်လျှောက်လုံး သင်ယူနိုင်ရန်နှင့် သင်ယူခြင်းကသာလျှင် အသက်ဝိညာဉ်ဖြစ်ပါကြောင်း၊ စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဦးနှောက်၏ စဉ်းစားတွေးခေါ်မှုအားကောင်းစေရန် အထောက်အကူဖြစ်စေပါကြောင်း၊ သို့ဖြစ်၍ စာကြည့်တိုက်များမှ ဆည်းပူးလေ့လာသော ပညာရပ်များကို စဉ်းစားတွေးခေါ်ပြီး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုက်လျောညီထွေစွာဖြင့် အဆင်ပြေချောမွေ့နိုင်မည် ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့်စာကြည့်တိုက်မှ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ လေ့လာသင်ယူသော ပညာရပ်များကို ပိုမိုကောင်းမွန်လာစေရန်အတွက် စာကြည့်တိုက်မှ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာကြည့်တိုက်များကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျောင်းများတွင် စာကြည့်တိုက် ၄၀ ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျောင်းပေါင်း ၁၀၀ ခန့်ကို ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းထားပြီး ဘဏ္ဍာငွေပေါ်တွင် မူတည်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်း ပံ့ပိုးကူညီခဲ့ကြသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် ပြည်သူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။




ထို့နောက် MBAPF မှ ဒေါက်တာ သန့်သော်ကောင်းက ကျောင်းစာကြည့်တိုက် ပံ့ပိုးပေးမှုအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက MBAPF မှ ဒေါက်တာ သန့်သော်ကောင်းနှင့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ်ရှိ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းတို့၌ ဖွင့်လှစ်သည့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဗီယက်နမ်ဆိုရှယ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၏ ယခင်အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Do Muoi ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းလမ်းရှိ ဗီယက်နမ်နိုင်ငံသံရုံးသို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၏ ယခင် အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Do Muoi ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (ဓါတ်ပုံ)

ဗီယက်နမ်ဆိုရှယ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၏ ယခင် အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Do Muoi သည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဟနွိုင်းမြို့၌ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၁၀၁ နှစ် ရှိပြီးဖြစ်သည်။ ၎င်းအား ဝမ်းနည်းကြောင်းမှတ်တမ်း လက်မှတ်ရေးထိုးလိုသူများအတွက် အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တောင်သူများအား ဂုဏ်ပြုပွဲနှင့် စိုက်ပျိုးမှုစွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

Myanmar Agri Foods Co., Ltd. နှင့် အကျိုးတူပူးပေါင်း လက်တွဲစိုက်ပျိုးသော တောင်သူများကို ဂုဏ်ပြုပွဲနှင့် စိုက်ပျိုးမှု စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ မင်္ဂလာဗျူဟာသာသနာ့ ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ Myanmar Agri Foods Co., Ltd. ဥက္ကဋ္ဌ ဦးရဲမြင့်မောင်၊ ရောဝတီ စိုက်ပျိုးရေးကုမ္ပဏီ၊ Biosupreme Co., Ltd. နှင့် Big-M Co., Ltd. တို့မှ တာဝန်ရှိသူများက သီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသူ တောင်သူများနှင့် Myanmar Agri Foods Co., Ltd. နှင့် သီးနှံစိုက်ပျိုးမှု အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျေးရွာအလိုက် အကျိုးဆောင်တောင်သူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် Myanmar Agri Foods Co., Ltd. ဥက္ကဋ္ဌ ဦးရဲမြင့်မောင်က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များကို တောင်သူများအနေဖြင့် စိုက်ပျိုးနိုင်သော်လည်း နိုင်ငံခြားအထိ ဈေးကွက်ဝင်အောင် တင်ပို့နိုင်မှု အားနည်းနေသေးကြောင်း၊ တောင်သူများစိုက်ပျိုးသမျှ သီးနှံများကို ဝယ်ယူပြီး တင်ပို့မည်ဆိုပါက တောင်သူများ ဝင်ငွေတိုးလာမည့် အချက်ကို အဓိကထား၍ ယခုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် ကုမ္ပဏီဖြင့် လက်တွဲစိုက်ပျိုးပါက စိုက်ပျိုးသည့်သီးနှံအတွက် ဈေးကွက်သေချာခြင်းနှင့် ခိုင်မာသောအကျိုးအမြတ် ရရှိနိုင်ခြင်း၊ ရေရရှိပါက တစ်နှစ်ပတ်လုံး လေးသီးခန့် စိုက်ပျိုးနိုင်သဖြင့် ဝင်ငွေပိုမိုရရှိစေခြင်း၊ စိုက်ပျိုးရေး နည်းပညာအသစ်များ တိုးပွားလာနိုင်ခြင်း၊ သီးနှံများစိုက်ပျိုးရာတွင် GAP စနစ်ဖြင့် စိုက်ပျိုးထားသည့်အတွက် Food Safety ဖြစ်စေခြင်း၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး စသည်တို့ကို စနစ်တကျ သုံးစွဲရသဖြင့် မြေပျက်စီးမှုကို ကာကွယ်စေပြီး ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေခြင်း၊ မျိုးကောင်း မျိုးသန့်များ၊ မြေဩဇာများ၊ ပိုးသတ်ဆေးများ အချိန်မီ ရရှိနိုင်ခြင်း၊ သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း စသည့်အကျိုးများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။




ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက မြန်မာနိုင်ငံမှထွက်သည့် သီးနှံအများစုသည် ပြုပြင်ထုပ်ပိုးခြင်းမရှိဘဲ ကုန်ကြမ်းအနေဖြင့် အိမ်နီးချင်းနိုင်ငံများကို ရောင်းချနေရပါကြောင်း၊ ယခုကဲ့သို့ ပြည်တွင်းတွင် တန်ဖိုးမြင့် ပြုပြင်ထုပ်ပိုးနိုင်သည့်စက်ရုံများ လည်ပတ်ထုတ်လုပ်နိုင်မှသာ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ကို မှီခိုရန်မလိုဘဲ ပြည်တွင်း၌ ခိုင်ခိုင်မာမာရောင်းချနိုင်မည့် အနေအထားသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ အစားအသောက် ပြုပြင်ထုပ်ပိုးသည့် စက်ရုံများ ပုံမှန်လည်ပတ်နိုင်ရေးသည် တောင်သူများအပေါ်တွင် မူတည်နေပါကြောင်း၊ တောင်သူများအတွက် ဈေးကွက်ခိုင်မာမှုသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် ကုမ္ပဏီနှင့် တောင်သူ နှစ်ဦးနှစ်ဖက် အပြန်အလှန် ယုံကြည်မှု တည်ဆောက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

Myanmar Agri Foods Co., Ltd. သည် နေပြည်တော် မြို့ရှောင်လမ်း ကျီအင်းကျေးရွာအနီးတွင် တည်ရှိပြီး ဟင်းသီးဟင်းရွက်များကို အေးခဲ၍ နိုင်ငံခြားသို့တင်ပို့နေသော ကုမ္ပဏီဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ရုံးပတီ၊ ပိန်းဥ၊ ဟင်းနုနယ်၊ ဗိုလ်စားပဲ စသည့် သီးနှံလေးမျိုးကို တောင်သူများနှင့် အကျိုးတူ စိုက်ပျိုးထုတ်လုပ်နေပြီး နောင်တွင် ခါကြက်ဥ၊ ဟင်းစားပဲပုပ်၊ ရွှေပဲသီး၊ ဖရုံသီး၊ ပန်းမုန်လာစိမ်း စသည့်သီးနှံများကို တောင်သူများနှင့် အကျိုးတူပူးပေါင်း၍ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလမ်းများ ဆောင်ရွက်

**နတ်တလင်း အောက်တိုဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လေ့ကြပ်ကုန်းအုပ်စု ရွာမကျေးရွာတွင် မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အောက်တိုဘာ ၅ ရက်က ကျေးရွာချင်းဆက်လမ်း အရှည် ပေ ၉၀၀၊ အကျယ် ၁၀ ပေ၊ မြေသားလမ်းခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ ရှားဖြူကုန်းကျေးရွာအဝင်လမ်း အရှည် ပေ ၃၁၀၊ အကျယ် ရှစ်ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ပြည့်စုံကောင်းမွန်တဲ့ တရားရုံးတစ်ရုံးရဲ့ အင်္ဂါရပ်ထဲမှာ တရားမျှတမှု လက်လှမ်းမီရေးဆိုတဲ့အချက်က အဓိကအရေးကြီးတဲ့ အင်္ဂါရပ်တစ်ခု ဖြစ်ပါတယ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး ဦးမျိုးတင့်

## ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်း ကျင်းပ

ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်း ခေါင်းစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးတို့က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ အောက်တိုဘာ ၄ ရက်က ဆွေးနွေးခဲ့ကြသည်။


ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး ဦးမျိုးတင့်


ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ
ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အဖွဲ့ဝင် ဦးဟန်ညွန့်


မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်
ရဲဗိုလ်ချုပ် အောင်နိုင်သူ


တရားလွှတ်တော်ရှေ့နေ
ဦးအောင်စိုး

*ယမန်နေ့မှ အဆက်*

**အစီအစဉ်မှူး။ ။ တရားဥပဒေစိုးမိုးမှုနဲ့ တရားမျှတမှု တိုးတက်ကောင်းမွန်လာဖို့အတွက် နစ်နာသူတွေ၊ စွပ်စွဲခံရသူတွေအတွက် ဥပဒေဆိုင်ရာ အကူအညီပေးမှုများနဲ့ စပ်လျဉ်းပြီးတော့လည်း ဆရာဦးအောင်စိုးက ရှင်းပြပေးပါဦး။**

**ဦးအောင်စိုး။** ။ ကျွန်တော်တို့က တရားဥပဒေစိုးမိုးရေးဌာနနဲ့ တရားမျှတမှုလုပ်ငန်းများဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဆိုပြီးတော့ ပြည်ထောင်စုအဆင့် ဖွဲ့စည်းခဲ့ပါတယ်။ ရှေ့နေချုပ်ကြီးက ဥက္ကဋ္ဌလုပ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးလည်းပါပါတယ်။ လူ့အခွင့်အရေးကော်မရှင် အစရှိသည်ပေါ့။ နောက်အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ပါဝင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံး ပြည်ထောင်စုအဆင့် ဖွဲ့စည်းခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး ၁၄ ခုမှာ အစိုးရအဖွဲ့ကနေ တရားဥပဒေနဲ့ပတ်သက်ပြီးတော့ နီးနွှယ်နေတဲ့ အဖွဲ့အစည်းတွေရှိတယ်။ တရားရေးရှိမယ်၊ ဥပဒေရှိမယ်၊ ရဲတပ်ဖွဲ့ရှိမယ်၊ နောက်ပြီးတော့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှိမယ်။ အဲဒီလေးဖွဲ့က တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့် တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်လေးဦးအပြင် အရပ်ဘက်လူ့အဖွဲ့အစည်းက လေးဦးပါပါတယ်။

ဒီထဲမှာ အငြိမ်းစားတရားသူကြီးတွေ ပါကောင်းပါမယ်။ အငြိမ်းစားရှေ့နေတွေ ပါရင်ပါမယ်။ ဥပဒေပညာရှင်ပါမယ်။ နောက် CSO လို့ခေါ်တဲ့အပြင် လူ့အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေလည်းပါတယ်။ အဲဒါကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေက ရွေးချယ်ပြီးတော့ ပေါင်းစပ်ပေးထားပါတယ်။ ကျွန်တော်တို့ရဲ့ တာဝန်တွေက ဘာလဲဆိုတော့ ကျွန်တော်တို့က အရေးယူတာမဟုတ်ဘူး။ ကျွန်တော်တို့က ညှိနှိုင်းဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ကို ပေးထားတဲ့ တာဝန်က နိုင်ငံတကာကလည်း ဒီမှာလာပြီး ဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ တရားမျှတမှု လက်လှမ်းမီလာအောင် Rule of the Law တို့၊ My Justice တို့၊ Legal Aid တို့၊ EU တို့ စတဲ့အဖွဲ့အစည်းတွေကနေ ဥပဒေအထောက်အကူပြုတွေ လာလုပ်ပေးတယ်။

လာလုပ်ပေးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာလည်း တရားမျှတမှုစင်တာတွေ (Justice Centre) တွေ ဖွဲ့ပြီးတော့ ဆောင်ရွက်ပေးတယ်။ အဲဒီ အဖွဲ့တွေနဲ့ အစိုးရအဖွဲ့တွေ ကြားထဲမှာလည်း ကျွန်တော်တို့က လိုအပ်ချက်တွေ ပေါင်းစပ်ညှိနှိုင်းပေးရတယ်။ နောက်တစ်ခါ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကိုလည်း တွေ့ဆုံရတယ်။ သူတို့ရဲ့ အခက်အခဲတွေနဲ့ အစိုးရအဖွဲ့ရဲ့ အခက်အခဲတွေကိုလည်း ပေါင်းစပ်ညှိနှိုင်းပေးရတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးဆိုရင် ရှေ့နေအဖွဲ့အစည်းတွေ မြန်မာနိုင်ငံရှေ့နေအသင်း၊ နောက်ပြီး လွတ်လပ်သော ရှေ့နေအသင်း၊ မြန်မာမီဒီယာရှေ့နေအသင်း အစရှိတဲ့ ရှေ့နေအသင်းတွေကို စုစည်းပြီးတော့ သူတို့ရဲ့ လိုအပ်ချက်တွေကိုလည်း ပြောတယ်။ သူတို့ကလည်း Legal Aid ပေါ့၊ နစ်နာသူတွေအတွက် ဆောင်ရွက်ပေးတာရှိတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေနဲ့ပတ်သက်လို့ ဥပဒေအထောက်အကူပြုကော်မရှင်တွေ ပေါ်ပေါက်လာမယ်။ ဒါတွေကလည်း နစ်နာသူတွေ၊ စွပ်စွဲခံရသူတွေအတွက် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ တိုင်စာတွေကို ကျွန်တော်တို့ လက်ခံပါတယ်။ တိုင်ကြားစာတွေကို ဘယ်လို လက်ခံလဲဆိုတော့ နစ်နာသူတွေ၊ စွပ်စွဲခံရသူတွေကို ကျွန်တော်တို့ရဲ့ အဖွဲ့ခေါင်းဆောင်နာမည်တပ်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဥပဒေနဲ့ပတ်သက်လို့ သူတို့စိတ်ထဲမှာ သိချင်တာတွေ၊ အခက်အခဲတွေ၊ နစ်နာချက်တွေရှိရင် ကျွန်တော်တို့ကို တိုင်ကြားနိုင်တယ်။ ဒါပေမယ့် လူကိုယ်တိုင် တိုင်လို့တော့မရဘူး။ လူကိုယ်တိုင် တိုင်တာကိုတော့ လက်မခံဘူး။

> **“ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရမယ့်သူတွေသာမက အကောင်အထည်ဖော်ရတဲ့ ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကလည်း ကျေကျေညက်ညက် သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ဥပဒေကို အသိတရားနဲ့ လိုက်နာပြီးတော့ ဆောင်ရွက်ကြမှလည်း တရားဥပဒေစိုးမိုးမှုက ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်”**

စာတိုက်ကနေပဲ အမြန်ချောပို့နဲ့ လက်ခံပါတယ်။ အဲဒီတော့ သူတို့တိုင်ကြားစာတွေ ဝင်လာရင် ကျွန်တော်တို့က မှတ်တမ်းတင်တယ်။ မှတ်တမ်းတင်ပြီးတော့ မှတ်ချက်တွေရေးပြီး ကျွန်တော်တို့ အဖွဲ့ဝင်တွေက သုံးသပ်ချက်တွေ တင်ပြတယ်။ တင်ပြပြီးရင် နှစ်ပတ်ကိုတစ်ကြိမ် အစည်းအဝေးထိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ကျွန်တော်တို့အဖွဲ့ကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေပြီးတော့ ရုံးခန်းပေးထားတယ်။ ရဲတပ်ဖွဲ့နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးပါတယ်။ ကျွန်တော်တို့က တစ်နိုင်တစ်ပိုင် လုပ်ကြတာပေါ့။ ဥပဒေနဲ့ တရားမျှတမှုတွေနဲ့ ပတ်သက်ပြီးဆောင်ရွက်နေတဲ့ ဌာနလေးရပ်က တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့် ပုဂ္ဂိုလ်တွေရယ်၊ ကျွန်တော်တို့ လေးဦးရယ်၊ တက္ကသိုလ်ဥပဒေပညာဌာနက ဆရာမတစ်ဦးတို့က အစည်းအဝေးထိုင်ပါတယ်။ အစည်းအဝေးမှာ တိုင်ကြားစာတွေကို တရားရေးနဲ့ ပတ်သက်ပြီးတော့ တိုင်ကြားစာပါရင် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးကို ပေးရမယ်။

ဥပဒေဝန်ထမ်းတွေနဲ့ပတ်သက်တဲ့ အကြံပေးတာပဲဖြစ်ဖြစ်၊ ဥပဒေဝန်ထမ်းတွေနဲ့ ပတ်သက်တဲ့ ကိစ္စဆိုရင် ဥပဒေဝန်ထမ်းတွေကို ပေးပါတယ်။ ရဲတပ်ဖွဲ့နဲ့ ပတ်သက်ရင်တော့ ရဲတပ်ဖွဲ့ဝင်တွေကို ပေးပါတယ်။ နောက်တစ်ခါ ထွေ/အုပ်ကလည်း တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတွေနဲ့ ပတ်သက်တာတွေကိုကျတော့ ထွေ/အုပ်ကိုပေးပါတယ်။ သူတို့က ပြန်ပြီးတော့ အိမ်စာ (Homework)ယူသွားတယ်။ ပြီးတော့ သူတို့ဌာနဆိုင်ရာ လက်အောက်မှာရှိတဲ့ ရဲတပ်ဖွဲ့ဆိုလည်း လိုအပ်တဲ့ မြို့နယ်၊ ခရိုင်ရဲတပ်ဖွဲ့တွေ အသီးသီးစုံစမ်း၊ တရားသူကြီးကလည်း စုံစမ်း၊ ဥပဒေကလည်း စုံစမ်းပြီး နောက်တစ်ပတ် အစည်းအဝေးမှာကျတော့ သူတို့ရဲ့ တွေ့ရှိချက်၊ ဆောင်ရွက်ချက်တွေကို ပြန်လည်တင်ပြရပါတယ်။

ပြန်လည်တင်ပြတဲ့အပေါ်မှာ ဝိုင်းသုံးသပ်ပြီးတော့ ကာယကံရှင်ကို ပြန်ပြီးအကြောင်းကြားသင့်လည်း အကြောင်းကြားပါတယ်။ ဒါပေမယ့် နှစ်ဖက်တွေ့ဆုံခွင့်တော့ မပေးပါဘူး။ သို့သော် သိပ်ပြီးတော့ အရေးကြီးရင်တော့ ကျွန်တော်တို့ နှစ်ဖက်တွေ့ဆုံပြီး ညှိနှိုင်းပေးပါတယ်။ များသောအားဖြင့်တော့ ဒီဟာတွေကို တစ်ဆင့်ဖြေရှင်းပေးတယ်။ ပြီးရင်တော့ ပြည်ထောင်စုရှေ့နေချုပ်ဆီကို ဥက္ကဋ္ဌဆီကို တင်ပြပါတယ်။ ဒီဟာက ကျွန်တော်တို့ဘက်က ဘာအားသာချက်ရှိလဲဆိုတော့ ပြည်သူတစ်ယောက်ဟာ တရားဥပဒေနဲ့ ပတ်သက်ပြီးတော့ နစ်နာတယ်။ တရားသူကြီးကို သွားပြီးတော့ ပြောလို့မရဘူး။ ဥပဒေဝန်ထမ်းကိုလည်း ပြောလို့မရဘူး။ ရဲတပ်ဖွဲ့ကိုလည်း တိုက်ရိုက်ပြောလို့မရဘူး။ သို့သော် ကျွန်တော်တို့က သူတို့ကြားကနေ ပေါင်းစပ်ညှိနှိုင်းပေးတာမျိုး ဖြစ်ပါတယ်။

ဒီလိုပဲ ရဲတပ်ဖွဲ့ကလည်း အခက်အခဲရှိမယ်၊ တရားရေးရဲ့ အခက်အခဲရှိမယ်၊ ဥပဒေရေးရာ အခက်အခဲတွေရှိမယ်။ ဒါတွေကိုလည်း ပြည်သူတွေကို တိုက်ရိုက်မပြောနိုင်ဘူး။ ကျွန်တော်တို့က ကြားခံပြီးတော့ ညှိနှိုင်းပေးတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အဖွဲ့ဟာ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူတွေအတွက် ဆောင်ရွက်ပေးနေတယ်။ အကူအညီပေးနေတယ်။

သို့သော်လည်း Legal Aid လို အဖွဲ့အစည်းတွေကလည်း အထောက်အပံ့ပေးနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေဟာ အခုဆိုရင် အားကိုးရာရနေပါပြီ။ အဲဒီတော့ ကျွန်တော်တို့ အဖွဲ့အစည်းအသီးသီးကနေတစ်ဆင့် လိုအပ်တာတွေကို ဆောင်ရွက်ပေးပါမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အဖွဲ့အစည်းတွေကလည်း ကျွန်တော်တို့နည်းတူ ဆောင်ရွက်ပေးပါတယ်။ လိုအပ်ရင်လိုအပ်သလို ကျွန်တော်တို့ကနေ တစ်ဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရှိရေးတို့ တိုးတက်ကောင်းမွန်လာစေဖို့အတွက် တရားရုံးဝန်ဆောင်မှုများနဲ့ တရားမျှတမှုလက်လှမ်းမီရေးတို့နဲ့ စပ်လျဉ်းပြီး ဆောင်ရွက်မှုတွေကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနေနဲ့ ထပ်မံဆွေးနွေးပေးစေလိုပါတယ်။**

**ဦးမျိုးတင့်။** ။ ကျွန်တော်တို့ ပြည့်စုံကောင်းမွန်တဲ့ တရားရုံးတစ်ရုံးရဲ့ အင်္ဂါရပ်ထဲမှာ တရားမျှတမှု လက်လှမ်းမီရေးဆိုတဲ့ အချက်က အဓိကအရေးကြီးတဲ့ အင်္ဂါရပ်တစ်ခု ဖြစ်ပါတယ်။ နစ်နာသူတစ်ယောက်က တရားရုံးတစ်ရုံးကို လာပြီးတိုင်တဲ့အခါမှာ လုပ်ထုံးလုပ်နည်း ရှုပ်ထွေးလို့၊ တရားရုံးဝန်ထမ်းများရဲ့ ဝန်ဆောင်မှု၊ ဆက်ဆံမှု မပြည့်ဝမှုကြောင့် မိမိတောင်းဆိုတဲ့ သက်သာခွင့်ကို နှောင့်နှေးကြန့်ကြာစေခြင်းဟာ ပြည်သူနဲ့ တရားမျှတမှုကို အလွယ်တကူ မရရှိနိုင်ဘူးလို့ သတ်မှတ်နိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေး မဟာဗျူဟာ (၂၀၁၈ - ၂၀၂၂) ကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အဲဒီ ဆောင်ရွက်တဲ့နေရာမှာ ဧရိယာနယ်ပယ် ငါးခု သတ်မှတ်ပြီးတော့ နယ်ပယ် နံပါတ် (၁) ကတော့ တရားမျှတမှု လက်လှမ်းမီရေးပဲ ဖြစ်ပါတယ်။ အဓိကကတော့ နစ်နာသူပြည်သူတွေဟာ တရားရုံးကို အကြောင်းအမျိုးမျိုးကြောင့် ရောက်လာရင် တရားရုံးဘက်က ဆောင်ရွက်ပေးရမယ့် ကိစ္စရပ်တွေကို လွယ်လင့်တကူ ဆောင်ရွက်ပေးခွင့် ရနိုင်စေရန် ကျွန်တော်တို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ၂၀၁၇ ခုနှစ်အတွင်းမှာ သတင်းစုံစမ်းရန်ဌာန တရားရုံးအသီးသီးမှာ ဖွင့်လှစ်ဖို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနှစ်အတွင်းမှာပဲ ကျွန်တော်တို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော် ၁၄ ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတစ်ရုံး၊ ခရိုင်တရားရုံး ၆၁ ရုံးနဲ့ မြို့နယ်တရားရုံး ၂၆၁ ရုံးမှာ သတင်းစုံစမ်းရန် ကောင်တာများ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တစ်ဖက်ကလည်း အမှုများတရားရုံးကို တရားစွဲတင်နိုင်ရန်၊ အမှုလက်ခံရန် ဌာနတွေကို ဖွင့်လှစ်ပေးထားဖို့ ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် တရားလွှတ်တော် ၁၄ ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတစ်ရုံး၊ ခရိုင်တရားရုံး ၆၈ ရုံးနဲ့ မြို့နယ်တရားရုံး ၂၆၉ ရုံးမှာ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

တစ်ဖက်က တရားမျှတမှု လက်လှမ်းမီဖို့က အမှုများ မှန်မှန်နဲ့မြန်မြန် စစ်ဆေးပြီးပြတ်ဖို့က အရေးကြီးတဲ့ကဏ္ဍတစ်ခုပါ။ ဒါကြောင့် တရားစီရင်ရေးနဲ့ပတ်သက်လို့ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာ တရားရုံးတွေရဲ့စစ်ဆေးစီမံမှုတွေကို လေ့လာပြီး မှုခင်းစီမံခန့်ခွဲမှုစနစ် (CMB - Case Management Programme) ဆိုတဲ့ အစီအစဉ်တစ်ခုကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စတင်ကျင့်သုံးဖို့ ၂၀၁၅ - ၂၀၁၇ မှာကတည်းက စတင်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

ရှေ့ပြေးတရားရုံး ပထမဦးဆုံး သုံးရုံးကို စတင်ပြီးတော့ စမ်းသပ်ပါတယ်။ နောက် ၂၀၁၆ ခုနှစ်အတွင်းမှာ ရှစ်ရုံးကို ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ ထိုက်သင့်သလောက် အောင်မြင်ပါတယ်။ မအောင်မြင်တဲ့ တချို့အားနည်းချက်တွေလည်း ရှိပါတယ်။ ဒါတွေကို ပြင်ဆင်ပြီးတော့ အခု ၂၀၁၈ - ၂၀၁၉ ခုနှစ်မှာတော့ အမှုစီမံခန့်ခွဲမှုစနစ် ခရိုင်တရားရုံး ၁၂ ရုံးနဲ့ မြို့နယ် တရားရုံး ၁၄ ရုံးမှာ စမ်းသပ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

တရားရုံးတွေက ကျင့်သုံးတဲ့ တရားမျှတမှု လက်လှမ်းမီရေးနဲ့ဆက်စပ်တဲ့ အစီအမံတွေဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အပေါ်ကရေးဆွဲတဲ့ စာရင်းတွေကို အခန်းတစ်ခုတည်းမှာ ရေးဆွဲပြီး ပြဋ္ဌာန်းလိုက်တဲ့ စီမံကိန်း မဟုတ်ပါဘူး။

*စာမျက်နှာ ၉ သို့*

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် တတိယအကြိမ် အလှူငွေများလှူဒါန်း

**ရန်ကုန်  အောက်တိုဘာ ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ဝိုင်း အနီးရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး လုပ်ငန်းများအတွက် တတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇ္ဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေပါရမီတောရဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇဓမ္မကထိက ဗဟုဇနဟိတဓရအရှင်ဆန္ဒာဓိကထံမှ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ရွှေပါရမီတောရဆရာတော်အား ပြည်ထောင်စု ဝန်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရ ဦးရှိန်ဝင်း+ ဒေါ်ခင်ချိုဦး (တက်လမ်းကုမ္ပဏီ) မိသားစုတို့က ငွေကျပ်သိန်း နှစ်ထောင်စီ ၊ ဒေါက်တာတင့်စိုးလင်း၊ ညီမ ဒေါ်ပွင့်မာခိုင်နှင့် ညီအစ်ကိုမောင်နှမများ (ရွှေပုစွန်မိသားစု) နှင့် ဦးမျိုးသွင် + ဒေါ်ခိုင်စုမွန်(ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီ) မိသားစုတို့က ငွေကျပ်သိန်းတစ်ထောင်စီ၊ ဦးသိန်းဟန် (TOKYO PIPE & EXCEL HOTEL GROUP) ဇနီး ဒေါက်တာသီသီ မိသားစုက ငွေကျပ်သိန်းငါးရာ၊ ဦးကျော်မြင့်



(ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု၊ ပင်လုံ တိုင်းရင်း သား ကိုယ်စားလှယ်၊ ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဥက္ကဋ္ဌ)၊ ဒေါ်ဝင်းမြင့် (တော်ဝင်ပန်းဆေးကုမ္ပဏီမိသားစု) က ငွေကျပ်သိန်း ၂၉၀၊ Mr.Jain Glover-ဒေါ်မြတ်သက်စော (MyatKan Moe Enterprise Co., Ltd နှင့် ဦးရန်အောင်+ သီဟသုဓမ္မသီင်္ဂီ ဒေါ်ရင်ရွှင် (New Star Gem Jewelly) မိသားစုတို့က ငွေကျပ်သိန်းတစ်ရာစီ၊ သုဓမ္မ မဏိဇောတဓရ ဦးမျိုးညွန့်+ ဒေါ်တင်တင်မြင့် (မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ပင်ရင်းထီ ရောင်းဝယ်ရေး)မိသားစုက ငွေကျပ် ၅၄ သိန်း၊ ဦးသိန်းမောင်+ ဒေါ်ပါးပါး(စန္ဒီပရဆေး) မိသားစုက ငွေကျပ် ၅၀၀၄၀၀၀၊ သီဟသုဓမ္မသီင်္ဂီ ဒေါ်တင်နု (ရုပ်ပျိုကုမ္ပဏီ)နှင့် သီရိသုဓမ္မသီင်္ဂီဦးရှိန်မြင့် + သီဟသုဓမ္မသီင်္ဂီ ဒေါ်ခင်သန်းမြင့် (ပပဝင်းရတနာ) မိသားစုတို့က ငွေကျပ်သိန်း ၅၀ စီ ၊ မြန်မာ နိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းလွင် မိသားစုက ငွေကျပ် ၃၃၃၃၃၃၃ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ဆက်လက် လှူဒါန်းကြရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား လျှောက်ထားကာ ရွှေပါရမီတောရ ဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ် လှူဒါန်းပွဲတွင် အလှူရှင် ၄၂ ဦးတို့က စုစုပေါင်း အလှူငွေ ကျပ် ၇၅၆၅၃၇၃၃၃ လှူဒါန်းကြကြောင်း သိရသည်။

ထို့အပြင် မွန်းလွဲ ၁ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ)ညှိနှိုင်းခန်းမ၌ သာကေတ မြို့နယ် မိုးကုတ်အောင်စကြာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒသိရီက ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၅၀ နှင့် ဌာပနာရန်အတွက် ရဟန္တာဓာတ်တော်၊ မွေတော် များကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

# အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)အဆောက်အအုံကို ကိုရီးယားနိုင်ငံက အဆင့်မြှင့်ပြုပြင်ပြီး လွှဲပြောင်းပေးအပ်

**ရန်ကုန်  အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန အလုပ်သမား ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်း ကျောင်း အဆောက်အအုံကို မြန်မာ - ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှုအရ ကိုရီးယားသမ္မတနိုင်ငံမှ အလှူရှင်များက အဆင့်မြှင့်တင် ပြုပြင်ပေးပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပြန်လည် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်း က ကျင်းပသည်။

ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး Mr. Lee Sang - Hwa၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်နှင့် ကိုရီးယား သမ္မတနိုင်ငံ KB Labor Union ဥက္ကဋ္ဌ နှင့် KB Kookmin Bank တို့မှ တာဝန် ရှိသူများ၊ အလုပ်သမားညွှန်ကြားမှု ဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** ထို့နောက် သင်တန်းကျောင်းခန်းမ၌ ပြုပြင်မွမ်းမံပြီး သော Korea Predeparture Training Center အား ပေးအပ်သည်။

မြန်မာ လုပ်သားထုအတွက် အထောက်အကူဖြစ်စေမည့် Korea Predeparture Training Center အား ပြုပြင်မွမ်းမံကာ ပံ့ပိုးပေးမှုအပေါ် မိမိအနေဖြင့် များစွာကျေးဇူးတင် ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံကို သွားရောက်လုပ်ကိုင်မည့် မြန်မာလုပ်သား များကို ကိုရီးယားနိုင်ငံရှိ နည်းပညာ အယူအဆများ သင်ကြားရယူပြီး မိမိနိုင်ငံ တိုးတက်စေရန်နှင့် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပြန်လည်အကျိုးပြုနိုင်စေ ရန် ဝန်ကြီးဌာနအနေဖြင့် စေလွှတ်ခြင်း ဖြစ်ကြောင်း၊ ယခုပြုပြင်မွမ်းမံပြီးသော ခန်းမဆောင်တွင် ကိုရီးယားလုပ်ငန်းခွင် အကြိုသင်တန်းများကို ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ကိုရီးယားရွှေ့ပြောင်း လုပ်သားပေါင်း ၃၄၀၀၀ ကျော်ကို လေ့ကျင့်ပေးခဲ့ပြီး ကိုရီးယားလုပ်ငန်းခွင် များတွင် လုပ်ကိုင်နိုင်နေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ တွင် ပြောကြားသည်။




အဆိုပါ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မြောက်ဒဂုံ) တွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အမျိုး သားအဆင့် လျှပ်စစ်ကျွမ်းကျင်လုပ်သား များ စစ်ဆေးအကဲဖြတ်ခြင်း ၊ CVT နှင့် ပူးပေါင်း၍ လျှပ်စစ်ကျွမ်းကျင်မှုလေ့ကျင့် ရေးသင်ကြားပေးခြင်း၊ အောင်မြင်မှုစီမံ ကိန်းနှင့် ပူးပေါင်း၍ အထည်ချုပ်လုပ် သား လေ့ကျင့်သင်ကြားပေးခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း၊ ကိုရီးယား ဘာသာစကားသင်ကြားပေးခြင်း၊ ပြည်ပ လမ်းညွှန်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်ပလုပ်ကိုင် သက်သေခံကတ်ပြား ပြုလုပ်ပေးခြင်း၊ ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်မည့်လုပ်သားများနှင့် လုပ်ငန်း ရှင်များအကြား စာချုပ်များချုပ်ဆိုခြင်း ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

*စာမျက်နှာ ၈ မှ*

ကျွန်တော်တို့ ၂၀၁၅ ခုနှစ်ကတည်းက နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အကူအညီကို ရယူပြီး တော့ မြန်မာနိုင်ငံရဲ့ တရားရုံးအဆင့်ဆင့်မှာ သတင်းအချက်အလက်(Data)တွေ ကောက်ယူပါ တယ်။ တရားရုံးကို ရောက်လာတဲ့ တရားခံတွေ၊ တရားလိုတွေ၊ သက်သေတွေ၊ ရှေ့နေတွေ၊ ရုံးထုတ် ရဲတွေ၊ အာမခံလျှောက်တဲ့သူတွေ၊ ကျမ်းလာကျိန် တဲ့သူတွေ၊ အချုပ်သားလာတွေ့တဲ့သူတွေအားလုံး ရဲ့ အချက်အလက်တွေကို ကောက်ယူပါတယ်။ ကောက်ယူတဲ့အခါမှာလည်း တရားရုံးက ကောက် ယူတာမဟုတ်ဘဲ တရားရုံးနဲ့ ညှိနှိုင်းထားတဲ့ နိုင်ငံတကာအဖွဲ့အစည်းက တခြားမိတ်ဖက် အကူအညီအဖွဲ့တွေနဲ့ ပေါင်းပြီးတော့ ကောက် တာပါ။

အဲဒီ အချက်အလက်(Data)တွေကို စုလိုက် တဲ့အခါမှာ တရားရုံးတွေအပေါ်မှာ ယုံကြည်ကိုးစား မှု အချက်အလက်တွေကို ရပါတယ်။ အဲဒီတော့ နိုင်ငံခြားပညာရှင်တွေနဲ့ပါ ကျွန်တော်တို့ ဆွေးနွေး ညှိနှိုင်းပြီးတော့ တရားစီရင်ရေး မဟာဗျူဟာကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ တာဖြစ်တဲ့အတွက် ပြည်သူများနဲ့ တရားစီရင်ရေး ဆက်စပ်အဖွဲ့အစည်းများကလည်း ကျွန်တော်တို့ ရေးဆွဲဆောင်ရွက်နေတဲ့ အမှုစီမံခန့်ခွဲမှုစနစ်နဲ့ တရားစီရင်ရေးမဟာဗျူဟာ အောင်မြင်ဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ ကျွန်တော့် အနေနဲ့ ဒီနေရာက သတင်းပေးရင်းနဲ့ ကျွန်တော်တို့ ပြည်သူများ တရားမျှတမှု လက်လှမ်းမီရမည်ဆိုတဲ့ ဆောင်ပုဒ်ကို ပိုပြီးအားမြှင့်ဖို့ ဖိတ်ကြားလိုက်ရပါ တယ်။

**အစီအစဉ်မှူး။ ။မှုခင်းကိစ္စတွေကို တရားစွဲဆို ဆောင်ရွက်ရာမှာ တရားမျှတ မှုကို ရှာဖွေပေးနိုင်ဖို့ ပြည်သူတွေက မျှော်လင့် ကြပါတယ်။ ဒါမှသာ တရားဥပဒေ စိုးမိုးမယ်လို့ ယုံကြည်ကြပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဘယ်လိုစိန်ခေါ်မှုတွေရှိပြီး ဘယ်လိုဆောင်ရွက်နိုင် လဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

**ဦးဝင်းမြင့်။** ။ဟုတ်ကဲ့ပါ။ ဒီနေ့အချိန်မှာ လူထု ဆက်သွယ်ရေးလုပ်ငန်းဖြစ်တဲ့ သတင်းမီဒီယာလုပ်ငန်းဟာ အင်မတန်ဖွံ့ဖြိုးတိုး တက်လာပြီဖြစ်ပါတယ်။ ဒါကြောင့် အနယ်နယ် အရပ်ရပ်မှာဖြစ်ပွားတဲ့ လူသတ်မှုတွေ၊ မုဒိမ်းမှု၊ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှု၊ ဖောက်ထွင်းမှု၊ ခိုးယူမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေး ဝါးမှုစတဲ့ မှုခင်းတွေဟာ အချိန်နဲ့တစ်ပြေးညီ ပြည်သူက သိခွင့်ရရှိနေကြပါတယ်။ မှုခင်းတွေကို ကြည့်မယ်ဆိုရင်လည်း တစ်ဦးချင်းတစ်ယောက် ချင်းဖြစ်ပွားတဲ့ ပြစ်မှုတွေရှိသလို၊ အချို့ပြစ်မှုတွေက အုပ်စုနဲ့ဖြစ်တာ တွေ့ရပါတယ်။ ဒီဟာတွေကြောင့် တရားဥပဒေစိုးမိုးမှု အားနည်းနေတယ်။ မှုခင်းတွေ ပေါ်များနေတယ်။ လုံခြုံအေးချမ်းမှုမရှိဘူးဆိုတဲ့ အသံတွေလည်း ကြားရပါတယ်။

ပြစ်မှုတွေကို ဆန်းစစ်လိုက်မယ်ဆိုရင် အချို့ ပြစ်မှုတွေက ဥပဒေအသိအားနည်းလို့ ဖြစ်ရတဲ့အမှု တွေရှိပါတယ်။ တချို့အမှုတွေကျတော့ ကိုယ့်ရဲ့ ဒေါသ၊ မောဟတွေကြောင့် ဖြစ်ပွားတာကို တွေ့ရ ပါတယ်။ မှုခင်းတစ်ခုမှာ ကျွန်တော်တို့ တွေ့ရတာက အကြော်ဖိုး အကြွေး ၄၀၀ သွားတောင်းရာက ဒေါသကြောင့် လူသတ်မှုဖြစ်ခဲ့တာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဥပဒေနဲ့ပတ်သက်လို့ ဥပဒေ အသိပညာပေးရေးလုပ်ငန်းဟာ အင်မတန် အရေး ကြီးပါတယ်။

ဒါတွေကြောင့်မို့ ဥပဒေအရ ရှောင်ရန်တွေ၊ ဆောင်ရန်တွေ အများပြည်သူက ကျယ်ကျယ်ပြန့် ပြန့်နဲ့ အားလုံးသိရှိကြဖို့ လိုအပ်ပါတယ်။ မှုခင်းတွေ မသိနားမလည်မှုတွေကြောင့် ကျူးလွန်ခဲ့ပါတယ် ဆိုတဲ့ ခုခံချေပချက်ကို ခွင့်မပြုကြောင်း ရှိတာ လည်း အားလုံးသိပြီးဖြစ်ပါတယ်။ ဥပဒေကို လိုက် နာကျင့်သုံးမှုမရှိရင် တရားဥပဒေစိုးမိုးမှုမရှိရင် အကွပ်မဲ့ကြမ်း ပရမ်းပတာဆိုသလို တည်ငြိမ်အေး ချမ်းမှု ပျက်ပြားမှာ ဖြစ်ပါတယ်။

ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရမယ့် သူတွေ သာမက အကောင်အထည်ဖော်ရတဲ့ ဌာန၊ အဖွဲ့ အစည်း၊ ပုဂ္ဂိုလ်တွေကလည်း ကျေကျေညက်ညက် သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ အဲ့ဒီတော့ ဥပဒေကို အသိတရားနဲ့ လိုက်နာပြီးတော့ ဆောင်ရွက်ကြမှလည်း တရားဥပဒေစိုးမိုးမှုက ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေ မှာလည်း တရားဥပဒေပညာပြန့်ပွားရေးကို အစိုးရ ဌာနအဖွဲ့အစည်းများကလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဆောင်ရွက်လျက်ရှိပါ တယ်။ ပြီးရင် ကျွန်တော်တို့ ဥပဒေအသိပညာပေး ရေးလုပ်ငန်းတွေကို ဆွေးနွေးပွဲ၊ ဟောပြောပွဲတွေကို လည်း မီဒီယာနည်းလမ်းတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် အခုထက်ပိုပြီးတော့ ဆောင်ရွက်ရင် ပိုကောင်းမယ် လို့ တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ မှုခင်းတွေ ဆောင်ရွက်တဲ့နေရာမှာ၊ တရားစွဲဆိုတဲ့နေရာမှာ အဖွဲ့အစည်းအားလုံးက ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ကြမှလည်း တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ်။ တရားစီရင်တဲ့နေရာမှာ ပါဝင်တဲ့ အဖွဲ့အစည်းတွေဆိုပါတော့ များသောအားဖြင့် တရားရုံး၊ ဥပဒေရုံး၊ ရဲတပ်ဖွဲ့၊ ဓာတုဗေဒဝန်ရုံးတို့ အပြင် မှုခင်းဆရာဝန်၊ ရှေ့နေနဲ့ သက်သေအစ ရှိသဖြင့် အားလုံး ကဏ္ဍအသီးသီးက ပါဝင်ကြပါ တယ်။ အဲဒီတော့ မှုခင်းတစ်ခုမှာ သက်ဆိုင်တဲ့ ဌာနအဖွဲ့အစည်းကရော သက်သေတွေကရော ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် တင်ပြမှသာလျှင် တရားဥပဒေစိုးမိုးမှု အထောက်အကူပြုမှာ ဖြစ်ပါ တယ်။ အမှုတစ်ခုမှာ သက်သေခံအထောက်အထား တွေ ပြည့်စုံဖို့ တရားရုံးမှာ လာရောက်ထွက်ဆိုတဲ့ သက်သေတွေက မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ထွက်ဆိုကြဖို့ လိုအပ်ပါတယ်။ သက်ဆိုင်တဲ့ အဖွဲ့ အစည်းတွေက ပေါင်းစပ်မှု ပြည့်စုံမှုရှိမှ တရားမျှတ မှုကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တစ်ထောင့် ထောင့်ကနေ အားနည်းနေမယ်ဆိုရင် တရား ဥပဒေစိုးမိုးမှုနဲ့ အလှမ်းဝေးသွားနိုင်ပါတယ်။ တရား ဥပဒေစိုးမိုးမှုလုပ်ငန်းတွေရဲ့ အဓိက အနည်းနဲ့ အများကတော့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေက တော့ရှိမှာပဲ။ ဒီအခက်အခဲတွေအားလုံး စုပေါင်းပြီး တော့ ကြိုးစားဖြေရှင်းကြရမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်စေရေး အတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေ သာမက အများပြည်သူကလည်း ပူးပေါင်းပါဝင် ကြဖို့ လိုအပ်ပါတယ်။ ဒါမှလည်း တရားဥပဒေစိုးမိုး မှုရဲ့ ခံစားခွင့်တွေကို ရမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် တရားမျှတမှုကို ရှာဖွေတဲ့နေရာမှာ အားလုံးက တာဝန်သိသိနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင် ရွက်ပေးဖို့လိုပါတယ်။ အားလုံး လက်တွဲဆောင်ရွက် ခြင်းဖြင့် တရားမျှတမှုရရှိပြီး လုံခြုံအေးချမ်းတဲ့ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဇင်ဦး၊ ခင်ရတနာ၊ ဓာတ်ပုံ-သီဟစည်သူ**

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ကတော့ ၂၀၁၅ ခုနှစ်ကစပြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်

ဒေါ်ဝင်းသော်သော်လှိုင်

## နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအကြောင်း သိကောင်းစရာ စကားဝိုင်းကျင်းပ

**နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်မြတ်ဆန်းထွန်း၊ ဦးစီးအရာရှိ ဒေါ်ခိုင်သန္တာမျိုးနှင့် ဒေါ်ဝင်းသော်သော်လှိုင်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**
**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**


ဦးမြင့်နိုင်


ဦးခွန်မြတ်ဆန်းထွန်း


ဒေါ်ခိုင်သန္တာမျိုး


ဒေါ်ဝင်းသော်သော်လှိုင်

*ယမန်နေ့မှအဆက်*

**ဦးမြင့်နိုင်** ။ ။ နိုင်ငံရေးပါတီတွေအနေနဲ့ စည်းရုံးဟောပြောတဲ့နေရာမှာ လိုက်နာရမယ့် ကျင့်ဝတ်တွေ ရှိပါတယ်။ ကျင့်ဝတ်နဲ့ ပတ်သက်လို့လည်း ဆွေးနွေးစေချင်ပါတယ်။

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ ကျင့်ဝတ်နဲ့ပတ်သက်ပြီး နိုင်ငံရေးပါတီတွေအားလုံးရဲ့ သဘောတူညီချက်နဲ့ ရေးဆွဲထားတဲ့ နိုင်ငံရေးပါတီတွေနဲ့ ကိုယ်စားလှယ်လောင်းတွေအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်က ရန်ကုန်မြို့မှာ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီကျင့်ဝတ်ကို လိုက်နာရမယ့်သူတွေကတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှာ တရားဝင် မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေ၊ မဟာမိတ်အဖွဲ့တွေ၊ ညွန့်ပေါင်းပါတီတွေနဲ့ ရွေးကောက်ပွဲဝင် တစ်သီးပုဂ္ဂလတွေ (နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများ အပါအဝင်) အားလုံးက လိုက်နာရမယ့်ကျင့်ဝတ် ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ နိုင်ငံရေးပါတီတွေ လိုက်နာရမယ့် အချက်တွေကို အနှစ်ချုပ်လေး ပြောပြပါဦး။

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ ကျင့်ဝတ်မှာပါဝင်တဲ့အဓိကအချက်တွေကတော့ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီတွေအားလုံးကို လေးစားဖို့၊ အငြင်းပွားမှုတွေကို ဖြေရှင်းရာမှာ အခြားပါတီတွေနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ဖို့၊ မဲဆွယ်စည်းရုံးရေး ကာလအတွင်း တခြားပါတီတွေကို အသရေဖျက်ခြင်း၊ ပုတ်ခတ်ခြင်းမပြုဖို့၊ မဲဆွယ်စည်းရုံးရာမှာ ဘာသာရေးနဲ့ လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုပြုသော သုံးနှုန်းပြောဆိုမှုတွေ မပြုဖို့၊ မဲဆွယ်စည်းရုံးရေးပွဲတွေမှာ တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းဖို့၊ လက်နက်ကိုင်ဆောင်ပြီး မဲဆွယ်စည်းရုံးခြင်း မပြုဖို့၊ မဲဆန္ဒရှင်တွေရဲ့ ဆန္ဒမဲကို လွှမ်းမိုးဖို့သော်လည်းကောင်း၊ ခြိမ်းခြောက်ဖို့သော်လည်းကောင်း ရည်ရွယ်ပြီး နိုင်ငံတော်အရင်းအမြစ်တွေနဲ့ လုံခြုံရေးယန္တရားတွေကို အသုံးမပြုဖို့၊ မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေ၊ အသုံးစရိတ်ဆိုင်ရာ စည်းမျဉ်း ဥပဒေတွေကို လေးစားလိုက်နာဖို့ဆိုပြီး အဓိကအချက်တွေ ပါဝင်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါတွေက အဓိကအချက်တွေပါ၊ အသေးစိတ်ကိုတော့ ကျင့်ဝတ်စာအုပ်ကို ဖတ်ဖို့လိုတာပေါ့။ နိုင်ငံရေးပါတီတွေ လိုက်နာရမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ လိုက်နာရမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့ ရှေ့ခရီးခေါင်းစဉ်နဲ့ ဆွေးနွေးတုန်းကလည်း အဲဒီကျင့်ဝတ်ကို ပြောပြခဲ့ဖူးပါတယ်။ အခုထပ်ပြီး ရှင်းပြတဲ့သဘောပါ။ နိုင်ငံရေးပါတီတွေက ပါတီအောင်နိုင်ရေးအတွက် စည်းရုံးမှုပြုတဲ့အခါမှာ သိရှိအောင် ပြောပြတဲ့သဘောပါ။ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတွေက သူ့ပါတီ အောင်နိုင်ရေးအတွက် စည်းရုံးခွင့်ရရှိတဲ့အပြင် အရေးကြီးတဲ့ အခန်းကဏ္ဍမှာလည်း ပါတယ်။ ရွေးကောက်ပွဲမှာ စေ့စပ်ညှိနှိုင်းရေးကော်မတီဆိုပြီး ရှိတယ်။ ဖွဲ့စည်းပုံ ဖွဲ့စည်းနည်းက တစ်ပိုင်းပါ။ လုပ်ဆောင်ရမယ့်တာဝန်တွေလည်း ရှိတယ်။ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေ ဘယ်လိုဖွဲ့စည်းထားသလဲဆိုတာ ပြောပြပေးပါ။

**ဒေါ်ဝင်းသော်သော်လှိုင်** ။ ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေနဲ့ကတော့ ၂၀၁၅ ခုနှစ်ကစပြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဖွဲ့စည်းတဲ့အခါမှာ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်ဆိုပြီး အဆင့် လေးဆင့် သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ဗဟိုအဆင့် ဖွဲ့စည်းတဲ့အခါမှာ ဘယ်လိုဖွဲ့စည်းတယ်ဆိုတာ ရှင်းပြပါဦး။

**ဒေါ်ဝင်းသော်သော်လှိုင်** ။ ။ ဗဟိုအဆင့်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှာတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်တွေအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတွေ၊ ကြားဖြတ်ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမည်စာရင်း အများဆုံးတင်သွင်းထားတဲ့ ပါတီ (၇) ပါတီက ကိုယ်စားလှယ်တွေ၊ ဝန်ကြီးဌာနအဖွဲ့အစည်း (၁၀) ခုမှ ကိုယ်စားလှယ်တွေက ဆောင်ရွက်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဖွဲ့စည်းတဲ့အခါမှာ ဘယ်လိုဖွဲ့စည်းသလဲဆိုတာ ရှင်းပြပါဦး။

**ဒေါ်ဝင်းသော်သော်လှိုင်** ။ ။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှာတော့ ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ဆောင်ရွက်ပြီး ဌာနဆိုင်ရာဝန်ထမ်းတွေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာ ရွေးကောက်ပွဲဝင်ရောက်တဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်လောင်းတွေ၊ တိုင်းဒေသကြီး/ပြည်နယ်က အများယုံကြည်လေးစားခြင်းခံရသူတွေ (အများဆုံး ၅ ဦး) က အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ ဒုတိယညွှန်ကြားရေးမှူးက အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ လက်ထောက်ညွှန်ကြားရေးမှူး (သို့) ဦးစီးအရာရှိက တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ခရိုင်/မြို့နယ်အဆင့် ဖွဲ့စည်းတဲ့အခါမှာ ဘယ်လိုဖွဲ့စည်းတယ်ဆိုတာလဲ ဆက်ပြီးတော့ ပြောပြပေးပါဦး။

**ဒေါ်ဝင်းသော်သော်လှိုင်** ။ ။ ခရိုင်အဆင့်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှာတော့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တွေက ဌာနဆိုင်ရာဝန်ထမ်းတွေအပါအဝင် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်တွေ၊ ခရိုင်အတွင်းမှာ ရွေးကောက်ပွဲဝင်ရောက်တဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်လောင်းတွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေ၊ ခရိုင်အတွင်းမှာရှိတဲ့ အများယုံကြည်လေးစားခြင်းခံရသူတွေ (အများဆုံး ၅ ဦး) ဖြစ်ပါတယ်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ လက်ထောက်ညွှန်ကြားရေးမှူးက အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ ဦးစီးအရာရှိ (သို့) ဒုတိယဦးစီးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းပုံကတော့ သိပ်မကွာခြားဘူး။ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆင့်မှာ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေ အသီးအသီးပါဝင်နေတာကို တွေ့ရတယ်။ ရွေးကောက်ပွဲမှာ စေ့စပ်ညှိနှိုင်းရေးကော်မတီက ဘာတွေဆောင်ရွက်မလဲဆိုတဲ့ လုပ်ငန်းတာဝန်တွေကို ပြောပြပါဦး။

**ဒေါ်ခိုင်သန္တာမျိုး** ။ ။ မြို့နယ်နဲ့ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီရဲ့တာဝန်တွေက တော်တော်များများ တူတာကို တွေ့ရပါတယ်။ မဲစာရင်းနဲ့ စပ်လျဉ်းတဲ့ အငြင်းပွားမှုတွေ၊ မဲဆွယ်စည်းရုံးတဲ့ကာလမှာ တိုင်ကြားလာတဲ့ အငြင်းပွားမှုတွေ၊ ရွေးကောက်ပွဲနေ့မှာ ဖြစ်ပေါ်တဲ့ အငြင်းပွားမှုတွေကို တိုင်ကြားလာတယ်ဆိုရင် စေ့စပ်ညှိနှိုင်းရေးကော်မတီတွေက စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးရပါတယ်။ ရွေးကောက်ပွဲနေ့ မဲရုံတွေမှာ ဖြစ်ပေါ်လာတဲ့ အငြင်းပွားမှုတွေဆိုရင်တော့ အမြန်ဆုံး စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရပါတယ်။ မဲဆွယ်စည်းရုံးတဲ့ကာလမှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အဆင်ပြေပြေနဲ့ မဲဆွယ်စည်းရုံးနိုင်ဖို့အတွက်ဆိုရင် မဲဆွယ်စည်းရုံးမယ့် နေ့ရက်၊ အချိန်၊ နေရာတွေကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြီး ညှိနှိုင်းသတ်မှတ်ပေးပါတယ်။

ခွင့်ပြုချက်ရဖို့ဆိုရင်လည်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ စေ့စပ်ညှိနှိုင်းဆောင်ရွက်ရပါတယ်။ မဲဆွယ်စည်းရုံးတဲ့အချိန်ဇယား ရပြီဆိုရင်လည်း လုံခြုံရေးတွေ ဆောင်ရွက်ဖို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရတာပဲ ဖြစ်ပါတယ်။ အကယ်၍များ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတွေက သူတို့အဆင့်မှာ ဖြေရှင်းဆောင်ရွက်ဖို့ ခက်ခဲတဲ့အငြင်းပွားမှုတွေ ဖြစ်လာပြီဆိုရင်တော့ သူတို့ထက် တစ်ဆင့်မြင့်တဲ့ကော်မတီ ဥပမာ ခရိုင်ဆို တိုင်းဒေသကြီး/ပြည်နယ်ကော်မတီ၊ မြို့နယ်ဆိုရင်လည်း ခရိုင်ကော်မတီကို တင်ပြပြီး လမ်းညွှန်ချက်ခံယူရပါတယ်။ အငြင်းပွားမှုတွေ ဖြေရှင်းဆောင်ရွက်တဲ့အခါမှာ ကော်မတီရဲ့အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်တာပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ခရိုင်နဲ့ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကတော့ အခြေခံကျပါတယ်။ အောက်ခြေမှာဆိုတော့ သူတို့ကိုယ်တိုင်သိရတယ်၊ မြင်ရတယ်။ ဒါတွေကို ဘယ်လိုဖြေရှင်းဆောင်ရွက်မလဲဆိုတာကို သတ်မှတ်ထားတာရှိတယ်။ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေက ဘာလုပ်ငန်းတွေ ဆောင်ရွက်ရသလဲ။ ဘာတာဝန်တွေ ရှိသလဲ။

**ဒေါ်ခိုင်သန္တာမျိုး** ။ ။ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီတွေကတော့ သက်ဆိုင်ရာ ခရိုင်ကော်မတီတွေက တင်ပြလာတဲ့ အငြင်းပွားမှုတွေ၊ သက်ဆိုင်ရာဌာနတွေ၊ ပုဂ္ဂိုလ်တွေကနေ တင်ပြလာတဲ့ အငြင်းပွားမှုတွေ၊ ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာ နိုင်ငံရေးပါတီတွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေက တင်ပြလာတဲ့ အငြင်းပွားမှုတွေ အဲဒီအငြင်းပွားမှုတွေကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ စေ့စပ်ညှိနှိုင်း ဆောင်ရွက်ပေးရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှာ ဖြေရှင်းရခက်ခဲ့တဲ့ အငြင်းပွားမှုတွေဆိုရင်တော့ ဗဟိုကော်မတီကိုတင်ပြပြီး လမ်းညွှန်ချက်တွေ ခံယူရတာပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဗဟိုစေ့စပ်ညှိနှိုင်းရေး ကော်မတီကတော့ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့်က လမ်းညွှန်မှု တောင်းခံလာတာတွေကို အစည်းအဝေးထိုင်ဆုံးဖြတ်ပြီး လိုအပ်တာတွေကို လမ်းညွှန်မှုပေးရပါတယ်။ တာဝန်တွေကလည်း အင်မတန်ကြီးမားလှပါတယ်။ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဖို့ရယ်၊ မဲဆွယ်စည်းရုံးခွင့် ဆောင်ရွက်ရေးနဲ့ ပတ်သက်လို့လည်းပဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာနိုင်ငံရေးပါတီတွေကို တွေ့ဆုံတယ်။

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ ဩဂုတ် ၂၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဩဂုတ် ၂၄ ရက်နေ့က ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် နိုင်ငံရေးပါတီ (၂၄) ပါတီက ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလတွေ၊ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေနဲ့ ညှိနှိုင်းကြတယ်။

*စာမျက်နှာ ၁၁ သို့*

**"ရွေးကောက်ပွဲဟာ လွတ်လပ်ရမယ်၊ တရားမျှတရမယ်၊ အများယုံကြည်လက်ခံရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်။ မဲဆန္ဒရှင်တွေရဲ့ရလဒ်အစစ်မှန်ကို ဖော်ထုတ်ပေးနိုင်ရမယ်ဆိုတဲ့ ဦးတည်ချက် (၅) ရပ်နဲ့ ကျင်းပပေးတာပါ။ ကျင်းပတဲ့နေရာမှာလည်း ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီတွေက ကိုယ်စားလှယ်တွေက စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်မှာလည်း ပါဝင်ပြီးတော့ ဆောင်ရွက်တဲ့အတွက်ကြောင့် ဒါကို သေသေချာချာ ညှိနှိုင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်တဲ့ ရွေးကောက်ပွဲတစ်ခု ဖြစ်သွားမှာပါ"**

# ရန်ကုန်တိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၁၂၀၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သာကေတစက်မှုဇုန်ကြီးကြပ်ရေး ကော်မတီရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UMFCCI တွဲဖက်အတွင်းရေးမှူး ဒေါက်တာခိုင်ခိုင်နွယ်၊ သာကေတစက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်တို့မှ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များ၊ အလုပ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နိုင်ငံသားအရည်အချင်းနှင့်ကိုက်ညီသည့်ကတ်ပြား**

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားများအား ၎င်းတို့၏ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးအတွက် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်ရပါကြောင်း၊ သို့မှသာ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား၊ မှတ်တမ်းမှတ်ရာများကို စနစ်တကျ တိုက်ဆိုင်စစ်ဆေး ရေးသွင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းကို မြို့နယ်ရုံးများတွင်သာမက ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်း၍ စီမံချက်များရေးဆွဲကာ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အချို့သော ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သက်ဆိုင်ရာမြို့နယ်ရုံးများသို့ သွားရောက်လျှောက်ထား ဆောင်ရွက်ခြင်းမရှိသည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရန် ကျန်ရှိသူများ ယခုတိုင်ရှိနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိနိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ ပြည်သူတို့၏ လက်ငင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုသည့်အတွက် သစ္စာစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးခြင်း လုပ်ငန်းကို ရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် အခြေခံပညာကျောင်းများဖွင့်ချိန်တွင် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးခြင်းလုပ်ငန်းများကိုလည်း သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအရ သစ္စာစီမံချက် စတင်ဆောင်ရွက်သည့် (၁-၅-၂၀၁၆)ရက်မှ (၃၀-၉-၂၀၁၈)ရက်အထိ သာမန်ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၄၂၅၂၈ စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၄၁၅ ခု၊ အလုပ်သမား ၈၄၁၀ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အခြေခံပညာကျောင်းကွင်းဆင်းဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူ ၉၅၂၉၆၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် သာမန်ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၁၁၆၃၁ စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၉၀ ဦးနှင့် အလုပ်သမား ၃၉၇၁ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းများတွင် စက်တင်ဘာလကုန်အထိ ကျောင်းသား ကျောင်းသူ ၃၃၀၂၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းတွင်လည်း ထပ်မံကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

**လူမှုဖူလုံရေးအကျိုးခံစားခွင့်များ**

အလုပ်သမားများနှင့်ပတ်သက်၍လည်း အလုပ်သမားရေးရာ ဆိုင်ရာလုပ်ငန်းများကို ထိထိရောက်ရောက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားအချို့သည် ၎င်းတို့၏ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသည့် ကတ်ပြားမရှိသည့်အတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးများ ဆုံးရှုံးလျက်ရှိသည့်အပြင် ယင်းကတ်ပြားမရှိသည့်အတွက် နိုင်ငံရပ်ခြားသို့ တရားဝင်အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများအနက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ၎င်းတို့ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် သစ္စာစီမံချက်ဖြင့် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဆောင်ရွက်ချက်အရ ယခုအခါ အရှေ့ပိုင်းခရိုင်အတွင်းရှိ သာကေတ၊ ဒဂုံ(တောင်)နှင့် ဒဂုံ(အရှေ့) စက်မှုဇုန်တို့မှ အလုပ်သမား ၁၂၀၀ အား လုပ်ငန်းခွင်မပျက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် အလုပ်သမားများအား လုပ်ငန်းခွင်မပျက် ကွင်းဆင်းဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက စက်မှုဇုန်များမှ အလုပ်သမားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

**လုပ်ငန်းခွင်မပျက် ကွင်းဆင်းဆောင်ရွက်ပေး**

ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများ များပြားသည့် ၁၄ မြို့နယ်တွင် စက်ရုံ၊ အလုပ်ရုံ ၃၀၈၁ ခုမှ လုပ်သားဦးရေ လေးသိန်းခန့်တွင် ရှစ်ထောင်ခန့်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိကြောင်း စာရင်းအရသိရသဖြင့် ယင်းလုပ်သားများအား ဥပဒေနှင့်အညီ ထုတ်ပေးနိုင်ရေးအတွက် ၈-၉-၂၀၁၈ ရက်မှ ၈-၁၁-၂၀၁၈ ရက်အထိ နှစ်လတာသတ်မှတ်၍ သစ္စာစီမံချက်ဖြင့် လုပ်ငန်းခွင်မပျက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သာကေတ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်များရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၁၂၀၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ဖွဲ့စည်းပုံကတော့ သတ်မှတ်ထားပြီးသား ဖြစ်ပါတယ်။ အောက်ခြေအဆင့်မှာ ပါတီက ဘယ်သူတွေပါမယ်။ ဗဟိုအဆင့်မှာ ဘယ်သူတွေပါမယ်ဆိုတာ ညှိနှိုင်းတဲ့အစည်းအဝေးကို ကျင်းပတယ်။ နိုင်ငံရေးပါတီတွေနဲ့ တွေ့တဲ့အခါ ဘာတွေဆွေးနွေးခဲ့သလဲဆိုရင် မဲဆွယ်စည်းရုံးတဲ့ကိစ္စတွေနဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့တွေ ဖွဲ့တာလည်း ပါပါတယ်။ စေ့စပ်ညှိနှိုင်းရေးကော်မတီမှာ နိုင်ငံရေးပါတီတွေလည်း ပါပါမယ်ဆိုတော့ အဲဒီစေ့စပ်ညှိနှိုင်းရေးကော်မတီက အခုမှ ဖွဲ့တာလား။ အရင်တုန်းက မရှိဘူးလားလို့ မေးတယ်။ အမှန်ကတော့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဖွဲ့ခဲ့ပါတယ်။ ဒါလေးကို သိစေချင်တာပါ။ ရွေးကောက်ပွဲကို ယှဉ်ပြိုင်မယ့်ပါတီတွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ သူတို့ကိုယ်တိုင် ပါဝင်ပြီးတော့မှ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတယ်။ ရွေးကောက်ပွဲ အငြင်းပွားမှုတွေနဲ့ ပတ်သက်လို့ သူတို့ဘာသာဖြေရှင်းပြီး ဆုံးဖြတ်မှုတွေ ဆောင်ရွက်ပေးရအောင်ပါ။ နိုင်ငံရေးပါတီတွေကိုယ်တိုင် အဲဒီထဲမှာ ပါတယ်။ အဲဒီကတည်းက သေသေချာချာ အကျေအလည် ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် ရွေးကောက်ပွဲတစ်ခုမှာ အောင်မြင်ဖို့ အခွင့်အလမ်းတွေ များပါတယ်။ ဒါကြောင့် ကိုယ်တိုင်ကိုယ်ကျ သူတို့ပါ ပါဝင်ဖွဲ့စည်းပြီးတော့ ရွေးကောက်ပွဲတွေ ကျင်းပပေးနေတယ်ဆိုတာကို သိစေချင်ပါတယ်။

ရွေးကောက်ပွဲဟာ လွတ်လပ်ရမယ်၊ တရားမျှတရမယ်၊ အများယုံကြည်လက်ခံရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်။ မဲဆန္ဒရှင်တွေရဲ့ရလဒ်အစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်ရမယ်ဆိုတဲ့ ဦးတည်ချက် (၅) ရပ်နဲ့ ကျင်းပပေးတာပါ။ ကျင်းပတဲ့နေရာမှာလည်း ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီတွေက ကိုယ်စားလှယ်တွေက စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့်မှာလည်း ပါဝင်ပြီးတော့ ဆောင်ရွက်တဲ့အတွက်ကြောင့် ဒါကိုသေသေချာချာ ညှိနှိုင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်တဲ့ ရွေးကောက်ပွဲတစ်ခု ဖြစ်သွားမှာပါ။

ဒါကြောင့် နိုင်ငံရေးပါတီတွေက ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ လစ်လပ်တဲ့နေရာတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့ အခွင့်အရေးတွေ ရှိတယ်။ သူတို့ရဲ့ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကိုလည်း သတ်မှတ်ထားတဲ့ ရက်ပေါင်း (၆၀) အတွင်းမှာ မဲဆွယ်စည်းရုံးခွင့်တွေ ပေးထားတယ်။ နိုင်ငံရေးပါတီတွေကလည်း သူ့ပါတီ အောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားခွင့်ရှိတယ်။ နိုင်ငံပိုင် ရေဒီယို၊ ရုပ်မြင်သံကြားကနေ တစ်ဆင့်လည်း ပါတီမူဝါဒ သဘောတရားတွေကို မဲဆန္ဒရှင်တွေကို ချပြဟောပြောခွင့်လည်း ရှိတယ်။ ဒါ့အပြင် ရွေးကောက်ပွဲကာလမှာ ဖြစ်ပေါ်လာမယ့် အငြင်းပွားမှုတွေကို ဖြေရှင်းဖို့အတွက် ပါတီတွေရဲ့ကိုယ်စားလှယ်တွေကိုယ်တိုင်လည်း ပါနေပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီတွေက ရွေးကောက်ပွဲမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာ သိစေချင်တယ်။ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေ ဖွဲ့စည်းတာ ကောင်းမွန်ပါတယ်။ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း ဖော်ပြထားပါတယ်။

**ဒေါ်ခိုင်သန္တာမျိုး** ။ ။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်တွေနဲ့အညီ ဆောင်ရွက်နိုင်ဖို့နဲ့ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပြီဆိုရင်လည်း အမြန်ဆုံးစေ့စပ်ညှိနှိုင်း ဖြေရှင်းနိုင်ဖို့ ဖွဲ့စည်းရတာပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒီမိုကရေစီနိုင်ငံဆိုတော့ နိုင်ငံရေးပါတီတွေက ရှိနေမှာပဲ။ ဒါကြောင့်မို့လို့ နိုင်ငံရေးပါတီတွေက ဒီမိုကရေစီရဲ့ရှေ့ဆောင်ဖြစ်တယ်။ မဲဆန္ဒရှင်တွေရဲ့လမ်းပြကြယ် ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ခံယူထားပါတယ်။ ။

**ရှင်မင်း**



# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်သည် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝသယံဇာတများ အရင်းအမြစ်များပေါကြွယ်ဝသည့် ပြည်နယ်တစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါ အခြေခံကောင်းများကို ပြည်နယ်နှင့် ဒေသခံပြည်သူများအတွက် မှန်ကန်ထိရောက်စွာ အသုံးပြု၍ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို မိမိတို့အနေဖြင့် မဖြစ်မနေ ကြိုးပမ်းဖော်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အမြဲတမ်းတွဲလျက်ရှိပြီး တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ပါကြောင်း၊ ထို့အတူ ဖွံ့ဖြိုးတိုးတက်မှုရှိမှ တည်ငြိမ်အေးချမ်းမှုကို ရရှိမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြည်နယ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုနှင့်အတူ တစ်နိုင်ငံလုံး၏ ဝိုင်းဝန်းကူညီမှုကြောင့် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေပြီဖြစ်ပါကြောင်း၊ ရရှိနေပြီဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ရန်အတွက် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းဖြင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Myanmar Survey Research မှ တာဝန်ရှိသူများက ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တင်ထွန်း(ပြန်/ဆက်)**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်**

**နေပြည်တော် အောက်တိုဘာ ၆** - ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အပျော်တမ်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အပျော်တမ်းအမှတ်ပေးဘောလုံးပြိုင်ပွဲ (MFF Amateur League 2018) ပြိုင်ပွဲ ရန်ကုန်ဇုန် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ဘောလုံးကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ရန်ကုန်ဇုန် ပထမနေ့တွင် New Light အသင်းက Sky Lion အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရပြီး TKA Friendship အသင်းနှင့် TGT အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ဘောလုံးကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

ယင်းအမှတ်ပေးပြိုင်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့၌ ဇုန်နှစ်ခုခွဲ၍ကျင်းပမည် ဖြစ်ပြီး ရန်ကုန်ဇုန်တွင် TKA Friendship၊ TGT FC (KAW HMU)၊ NEW LIGHT၊ SKY LION၊ ZEE GONE၊ YUFC FAN CLUB နှင့် IMMORTAL FC၊ မန္တလေးဇုန်တွင် ARR THIT၊ KYAL SIN SU၊ KONE SI DAI၊ DRAGON၊ AYAR ZAR၊ BMPT၊ SINGU နှင့် CHAN AYE THAR ZAN အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို အောက်တိုဘာလ ပထမပတ်မှ နိုဝင်ဘာလအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်သည်။ ရန်ကုန်ဇုန်ပွဲစဉ်များအနက် ပွဲစဉ် (၁) မှ နှစ်ပွဲကိုသာ သုဝဏ္ဏမြက်ခင်းတု လေ့ကျင့်ရေးကွင်း (၁) ၌ကျင်းပမည် ဖြစ်ပြီးကျန်ပွဲစဉ်များကို ဗဟန်းမြက်ခင်းတု ကွင်း၌ ကျင်းပမည်ဖြစ်သည်။

မန္တလေးဇုန်ပွဲစဉ်များကိုမူ ဗထူး အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဆုကြေးများကိုမူ ဇုန်အလိုက် သီးခြားချီးမြှင့်မည်ဖြစ်ပြီး ပထမဆုရ အသင်းကို ဆုကြေးငွေကျပ်သိန်း ၃၀၊ ဒုတိယဆုရရှိသည့် အသင်းကို ဆုကြေးငွေကျပ် သိန်း ၂၀၊ တတိယဆုရရှိသည့် အသင်းကို ဆုကြေးငွေကျပ် ၁၅ သိန်း၊ အဆင့် ၄ ရရှိသည့် အသင်းကို ဆုကြေးငွေကျပ် ၁၁ သိန်း၊ အဆင့် ၅ ရရှိသည့် အသင်းကို ဆုကြေးငွေကျပ် ၉ သိန်း၊ အဆင့် ၆ ရရှိသည့် အသင်းကို ဆုကြေးငွေကျပ်ခုနစ်သိန်း၊ အဆင့် ၇ ရရှိမည့် အသင်းကို ဆုကြေးငွေကျပ် ငါးသိန်း၊ အဆင့် ၈ ရရှိမည့် အသင်းကို ဆုကြေးငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

MFF Amateur League 2018 ရန်ကုန်ဇုန် ပွဲစဉ် (၁) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၇ ရက် **(ယနေ့)** တွင် ZEE GONE FC နှင့် YUFC FAN CLUB၊ 10/MON FC နှင့် IMMORTAL FC တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ မန္တလေးဇုန် ပွဲစဉ် (၁) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၇ ရက် **(ယနေ့)** တွင် AYAR ZAR FC နှင့် BMPT FC၊ SINGU FC နှင့် CHAN AYE THAR ZAN FC တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ** - MFF

# စပါးတို့ အိမ်ကွင်းတွင် နိုင်ပွဲရသည့် ပရီမီယာလိဂ် ပွဲစဉ်(၈)

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၈)မှ အောက်တိုဘာ ၆ ရက် စနေနေ့ညတွင် ယှဉ်ပြိုင်ကစားခဲ့သည့် စပါးနှင့်ကာဒစ် ပွဲစဉ်တွင် အိမ်ရှင်စပါးအသင်း တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင်စပါးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဟယ်ရီကိန်းကို အထောင်ထားခဲ့ပြီး ဧည့်သည် ကာဒစ်အသင်းသည် ၄-၁-၄-၁ ပုံစံဖြင့် ပါတာဆန်ကို အထောင်ထားပွဲထွက်လာသည်။ ပွဲစပြီး ပွဲချိန် ရှစ်မိနစ်တွင် ကွင်းလယ်ကစားသမား အဲရစ်ဒိုင်ယာ၏ သွင်းဂိုးဖြင့် စပါးအသင်းဦးဆောင်ခဲ့သည်။ **(အောက်ပုံ)** ယင်းသွင်းဂိုး တစ်ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၅၈မိနစ်တွင် ကာဒစ်ကွင်းလယ်ကစားသမား ဂျိုးရောစ်တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ စပါးအသင်းသည် လက်ကျန်ပွဲချိန်များကို တစ်ယောက်အသာဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း အနိုင်ဂိုးများ ထပ်မံမသွင်းယူနိုင်ခဲ့ပေ။

စပါးအသင်းသည် ယနေ့ပွဲ အနိုင်ရသည့်အတွက် အဆင့် ၃ တွင်ရပ်တည်နေသော ချယ်လ်ဆီးအသင်းကို ဖိအားပေးနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းသည် တနင်္ဂနွေနေ့ညတွင် ဆောက်သမ်တန်အသင်းကို အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပွဲစဉ်(၈) ယှဉ်ပြိုင်အပြီးတွင် စပါးအသင်း ရမှတ် ၁၈ မှတ်ရရှိထားပြီး ကာဒစ်အသင်းသည် ရမှတ်နှစ်မှတ်သာ ရရှိထားကာ တန်းဆင်းဇုန်ထဲတွင် ရုန်းကန်ရဦးမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် ဘန်လေနှင့်ဟက်ဒါဖီးလ်မှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဝုလ်ဗာဟမ်တန်က အဝေးကွင်းတွင် ပဲလေ့စ်ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လက်စတာအသင်းသည် အိမ်ကွင်းတွင် အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ဘုန်းမောက်က အဝေးကွင်းတွင် ဝက်ဖို့ဒ်ကို လေးဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**



# အာရှတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲဝင်အသင်းများ မန္တလေးမြို့အတွင်း လှည့်လည်လေ့လာ

**မန္တလေး အောက်တိုဘာ ၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မန္တလေးမြို့၌ ကျင်းပလျက်ရှိသည့် အာရှလူငယ်တံခွန်စိုက် အသက် ၁၇ နှစ် နှစ်အောက်၊ အသက် ၁၅ နှစ်အောက် ကြက်တောင်ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများသည် တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် တောင်သမန်အင်းရှိ ဦးပိန်တံတားနှင့် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်၊ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးတော်ကြီးအပြင် မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်လေ့လာခဲ့ကြသည်။



ထိုမှတစ်ဆင့် မန္တလေးတောင်ခြေအနီးရှိ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**တင်မောင် ( မန်းကိုယ်ပွား)**

❊ *ကျောဖုံးမှ*

သောကြောင့် ထိုင်းနှင့် ပထမခြေစမ်းပွဲတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ပယ်နယ်တီဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ- ၁၉ အမျိုးသမီးအသင်းသည် ထိုင်းနှင့်ခြေစမ်းပွဲအပြီးတွင် ပြည်တွင်းခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ နောက်ဆုံးပြင်ဆင်မှုလည်း ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားထားပြီး စင်ကာပူ၊ ထိုင်းတို့နှင့် တစ်ပွဲစီကစားထားသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပထမအဆင့် ခြေစစ်ပွဲအတွက် ကစားသမား ၂၆ ဦး ရွေးချယ်ထားပြီး ခြေစစ်ပွဲအတွက် ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❊ *ကျောဖုံးမှ*

အခြားပွဲတွင် ဗီယက်နမ်အသင်းက ကမ္ဘောဒီးယားအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (ခ) ၌ ဂျပန်အသင်းက ခြောက်မှတ်၊ မြန်မာနှင့် ဗီယက်နမ်အသင်းက သုံးမှတ်စီရထားပြီး ကမ္ဘောဒီးယားအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၇ ရက် **(ယနေ့)** တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲအားလုံးကို မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

◆ *ကျောဖုံးမှ*

ကစားသမား - သန့်ဇင်၊ ကောင်းချစ်သူ (GV Athletic)၊ ရဲရင့်ဦး(မြို့မ)၊ ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ ပြည့်ဖြိုးမောင်-၂၊ ခင်ဇော်လင်း၊ ပြည့်ဖြိုးမောင်-၃၊ လှိုင်မင်းထွန်း၊ ကိုကိုလွင် (MIC)၊ မျိုးမြင့်စိုး၊ စိုင်းပြုံးအောင်၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ဝေဇင်ဦး (VUC)၊ ပုည (Comrade) တို့ ပါဝင်ကြသည်။ မြန်မာဖူဆယ်အသင်းသည် စက်တင်ဘာ ၁၇ ရက်မှစ၍ ပဏာမကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး အောက်တိုဘာ ၆ ရက်တွင် အပြီးသတ်ကစားသမား ၂၀ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် အောက်တိုဘာ ၉ ရက်မှ ၂၀ ရက်အထိ တရုတ်နိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲလေးပွဲကစားမည်ဖြစ်သည်။

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှ ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားအသင်းတို့နှင့် အုပ်စု (က) တွင် ကျရောက်နေသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့် ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၆**

မောင်တောမြို့နယ် နယ်မြေ(၂)၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်ဇူ နယ်မြေရုံးမှ ဒုတိယရဲမှူး ထွန်းထွန်းစိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Nikuchari ကင်းစခန်းမှ Naib Subedar Md. Mahbubur Raham ဦးစီးတပ်ဖွဲ့ဝင်များ စကားပြန်/လမ်းပြတို့သည် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်မှ ၁၂ နာရီ ၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုး လမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၂) မှ (၄၃) ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မောင်တောမြို့နယ်မြေ(၇)၊ ရှေ့တန်းအမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ မကြီးချောင်းနယ်မြေရုံးမှ ဒုတိယရဲမှူး ကျော်သက်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၃)၊ (၀၀၆) ၂ စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Subedar Md.Nazrul Islam ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း မကြီးချောင်းချောင်းဝနတ်မြစ်အလယ်ရှိနှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၂)၌တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ နံနက် ၁၁ နာရီတွင် အောင်ဗလ ချောင်းဝထိပ်ရေမိုင်အမှတ် (၅)သို့ ရောက်ရှိကာ ရေယာဉ်အမှတ်(၀၀၃)ပေါ်၌ နှစ်ဖက်ညှိနှိုင်းကင်းလှည့်သည့် အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။ **ကိုရဲ**



# မောင်တောတွင် ငွေကျပ်သိန်းပေါင်း ၅၆၅၅ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မောင်တော အောက်တိုဘာ ၆**

မောင်တောမြို့နယ်၌ အောက်တိုဘာ ၅ ရက် ည ၇ နာရီခန့်က ငွေကျပ်သိန်းပေါင်း ၅၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် ည ၇ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၄၆)နှင့် ပူးပေါင်းအဖွဲ့သည် မောင်တော - ကျီးကန်းပြင် (၃)မိုင်ကားလမ်းအတိုင်း မြောက်မှတောင်သို့ ဆိုင်ကယ်နှစ်စီး စီးနင်းလာသော အမျိုးသားသုံးဦးမှာ အီတီလီယာကျေးရွာ သွားလမ်းဟောင်းအတိုင်း ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးနှင့် အထုပ်နှစ်ထုပ်ကို ထား၍ ထွက်ပြေးသွားခဲ့ပြီး ကျန်အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်မှာ မြို့ဦးကျေးရွာအုပ်စု ဇူလကျေးရွာအတွင်းသို့ ထွက်ပြေးသွားခဲ့သည်။

ပူးပေါင်းအဖွဲ့က ကျန်ရှိခဲ့သည့် ဆိုင်ကယ်နှင့် အထုပ်နှစ်ထုပ်ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ စီပါ ၂၉ ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၇၅၀၊ အလေးချိန် ၂၈ ဒသမ ၂၇၅ ကီလို၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၅၅ သိန်းနှင့် တရုတ်နိုင်ငံလုပ် DAYANG – 125 အမျိုးအစား ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိပြီး ဥပဒေအရအမှုဖွင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်မာ့ရုပ်မြင်သံကြား

**၇-၁၀-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ရှေးဟောင်းသမိုင်းဝင် မြို့ငြိမ့်မွေ့မြင်းတင်စေတီ"
- ၈း၃၅ - "တရားဥပဒေ စိုးမိုးရေး စကားဝိုင်း"(အပိုင်း-၂)
- ၉း၁၅ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ "အထာပေးတဲ့ ကောင်မလေး"
- ၉း၄၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ - လုပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၀၅ - ကဗျာရိပ်မြုံ "အယောင်ဆောင်"
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "စိမ်းလို့သာခေါ်လိုက်ပါ" (ကျော်ဟိန်း၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-မောင်နန္ဒ)

**ညပိုင်း**

- ၁၆း၃၅ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ပထဝီဝင်ဘာသာရပ်)
- ၁၇း၁၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှဆောင်ရွက်ချက်များ"(၇၉)
- ၁၇း၂၀ - "နှံမနစ်တဲ့ ပတ္တမြား တစ်ပွင့်" (မဏိသာ၊ စောင်းသခင်)
- ၁၈း၂၀ - လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် "မြတ်နိုးကြည်မွေ့ သံရွာဓလေ့"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ပုဂံဝန်းကျင် သာယာဖို့ ပလတ်စတစ်အမှိုက်တွေ ရှင်းကြစို့"
- "Badminton Asia U-17 & U-15 Junior Championship 2018 ပြိုင်ပွဲအစီအစဉ်"

## ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး၌ စက်တင်ဘာလအတွင်း ယာဉ်မတော်တဆမှု ၄၄ ကြိမ်ဖြစ်ပွား၊ ငါးဦးသေဆုံးပြီး ၅၈ ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၆**

ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး၌ စက်တင်ဘာလအတွင်း ယာဉ်မတော်တဆမှု ၄၄ ကြိမ်ဖြစ်ပွားခဲ့ရာ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦး ပေါင်းငါးဦး သေဆုံးခဲ့ပြီး အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၂၂ ဦး ပေါင်း ၅၈ ဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ ယခုနှစ် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု ၄၁ ကြိမ် ဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးပြီး ၈၃ ဦးဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီလတွင် ၃၆ ကြိမ်ဖြစ်ပွား၍ သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရရှိသူ ၇၆ ဦး၊ မတ်လတွင် ၃၃ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ လေးဦး ဒဏ်ရာရရှိသူ ၆၂ ဦး၊ ဧပြီလတွင် ၄၄ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ၁၃၇ ဦး၊ မေလတွင် ၃၇ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူရှစ်ဦး၊ ဒဏ်ရာရရှိသူ ၇၇ ဦး၊ ဇွန်လတွင် အကြိမ် ၄၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူခြောက်ဦး ဒဏ်ရရှိသူ ၅၅ ဦး၊ ဇူလိုင်လတွင် ၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ လေးဦး၊ ဒဏ်ရာရရှိသူ ၃၇ ဦး၊ ဩဂုတ်လတွင် ၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူခြောက်ဦး၊ ဒဏ်ရာရရှိသူ ၄၄ ဦးရှိခဲ့သည်။ သို့ဖြစ်၍ အမြန်လမ်းမကြီးတွင် ဇန်နဝါရီမှ စက်တင်ဘာ လကုန်အထိ ယာဉ်မတော်တဆမှုပေါင်း ၃၄၁ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူပေါင်း ၆၅ ဦးရှိခဲ့ကာ ဒဏ်ရာရရှိခဲ့သူ ပေါင်း ၆၂၉ ဦးရှိခဲ့သည်။ **သန်းဦး(လေးမျက်နှာ)**

## မိုးညှင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မိုးညှင်း အောက်တိုဘာ ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ အောက်တိုဘာ ၅ ရက်က ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူထံမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ္မားနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်သက်နိုင်စိုး ဦးစီးတပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ် ဘုံချောင်းကျေးရွာအနောက်ဘက် သာယာကုန်းကျေးရွာသွားလမ်း၌ စောင့်ဆိုင်းနေစဉ် ညောင်ကုန်းကျေးရွာနေ မင်းကျော်စိုး(၂၆ နှစ်)စီးနင်းလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူအလေးချိန် ၇ ဒသမ ၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁၁ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ မင်းကျော်စိုးကို နမ္မားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မလေးရှားရဲတပ်ဖွဲ့မှ အကူအညီတောင်းခံထားသည့် ပြန်ပေးဆွဲခံရသည်ဆိုသော မလေးရှားနိုင်ငံသားတစ်ဦးကို တာချီလိတ်၌ ပြန်တွေ့

တာချီလိတ် အောက်တိုဘာ ၆

**မလေးရှားရဲတပ်ဖွဲ့မှ အကူအညီတောင်းခံထားသည့် ပြန်ပေးဆွဲခံရသည်ဟုဆိုသော မလေးရှားနိုင်ငံသားတစ်ဦးကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်၌ အောက်တိုဘာ ၅ ရက် ညပိုင်းက တွေ့ရှိခဲ့သည်။**

မလေးရှားရဲတပ်ဖွဲ့နှင့် မလေးရှားနိုင်ငံသူ တစ်ဦးတို့က မလေးရှားနိုင်ငံသား Mr.Krishna Kumar Selvathurai သည် တာချီလိတ်မြို့တွင် ပြန်ပေးဆွဲခံနေရကြောင်း အကူအညီတောင်းခံလာမှုအပေါ် တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနု၊ စခန်းမှူး ဒုရဲမှူးမျိုးခိုင်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အေးလွင်နှင့် ပူးပေါင်းအဖွဲ့က ဖြစ်စဉ်အမှန် သိရှိနိုင်ရေးအတွက် မလေးရှားနိုင်ငံသူ Ms. Kalaivani dio Ramasamy ကို စစ်မေးခဲ့ရာ လွန်ခဲ့သော နှစ်လခန့်က တာချီလိတ်သို့ ၎င်းနှင့်အတူ စတင်ရောက်ရှိခဲ့ကြောင်း၊ တစ်လလျှင် တစ်ခေါက် မလေးရှားသို့ ပြန်လာကြောင်း၊ စက်တင်ဘာ ၂၉ ရက်က ခင်ပွန်းဖြစ်သူနှင့်အတူ မလေးရှားနိုင်ငံ ကွာလာလမ်ပူမှ ထိုင်းနိုင်ငံ ဗန်ကောက်- ချင်းရိုင်းသို့ လေယာဉ်ဖြင့်လည်းကောင်း၊ ချင်းရိုင်းမှ မယ်ဆိုင်သို့လည်းကောင်း၊ မယ်ဆိုင်မှ မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ အမှတ် (၁) ချစ်ကြည်ရေးတံတားမှ (Entery Permit)ဖြင့် ဝင်ရောက်ခဲ့ကာ ဖီးနစ်ဟိုတယ်တွင် တည်းခိုခဲ့ကြောင်း၊ ထို့နောက် အောက်တိုဘာ ၂ ရက်တွင် မလေးရှားနိုင်ငံသူ Ms. Kalaivani dio Ramasamy သည် လာရာလမ်းအတိုင်း မလေးရှားနိုင်ငံသို့ ပြန်သွားခဲ့ကြောင်း၊ မလေးရှားစံတော်ချိန် ည ၇ နာရီတွင် ခင်ပွန်းဖြစ်သူသည် IMO ဖုန်းဆော့ဝဲလ်ဖြင့် ၎င်းအား တာချီလိတ်တွင် ဖမ်းဆီးခြင်းခံထားရကြောင်း၊ မလေးငွေ ရင်းဂစ်တစ်သိန်း ပေးလျှင် ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ပြော၍ ၎င်းက အောက်တိုဘာ ၃ ရက်တွင် ရင်းဂစ်ငွေ ၇၅၀၀၀ အား တစ်ကြိမ်၊ အောက်တိုဘာ ၅ ရက်တွင် တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍ ထိုင်းနိုင်ငံ Kasicom Bank သို့ လွှဲပေးခဲ့ကြောင်း ထွက်ဆို ခဲ့သည်။

အောက်တိုဘာ ၅ ရက်ည ၉ နာရီခွဲတွင် မလေးရှားနိုင်ငံသူ Ms. Kalaivani dio Ramasamy သည် တာချီလိတ်ရဲစခန်းတွင်ရှိနေစဉ် ခင်ပွန်းဖြစ်သူက ဖုန်းဖြင့်ဆက်သွယ်လာပြီး ၎င်းကိုလာခေါ်ရန်ပြော၍ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ရာ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်တွင် တွေ့ရှိသဖြင့် တာချီလိတ်မြို့မရဲစခန်းသို့ ရောက်ရှိခဲ့ပြီး မူးဝေနေကြောင်း ပြောပြသဖြင့် တာချီလိတ် ပြည်သူ့ဆေးရုံသို့ ဆေးစာဖြင့် ပို့အပ်ထားရှိခဲ့ကာ ဆေးရုံတက်ရောက် ဆေးကုသခံယူရန် မလိုအပ်သဖြင့် ဝမ်ကောင်းရပ်ရှိ ရောဝဏ်ဟိုတယ်တွင် တည်းခိုခဲ့ကြသည်။

အမှုမှ ပြန်ပေးဆွဲခံရသည်ဟုဆိုသော မလေးရှားနိုင်ငံသား Mr. Krishna Kumar Selvathurai ကို တာချီလိတ်မြို့မရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## တရားမဝင်သစ်များ သယ်ဆောင်လာသော စက်လှေတစ်စင်းဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဝင်းမနားနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက်က ချင်းတွင်းမြစ်အတွင်း တရားမဝင်သစ်များသယ်ဆောင်လာကြောင်း သတင်းအရ ပိတ်ဆို့ရှာဖွေစစ်ဆေးရာ ထူးပေါက် ကျေးရွာအနီး ပေါင်းဝကျေးရွာနေ ဟိန်းဇော(၂၆ နှစ်)မောင်းနှင်လာသည့် စက်လှေကို တွေ့ရှိသဖြင့် စစ်ဆေးရာ တရားမဝင် အင်သစ်ခွဲသားဆိုက်စုံ ၆၂ ချောင်း၊ ၇ ဒသမ ၇၂ တန်တွေ့ရှိ သိမ်းဆည်းရမိခဲ့သောကြောင့် ဝင်းမနားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် အထောက်အထားမဲ့ပစ္စည်းများ တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃ ဒသမ ၆ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၈၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၃၈၅ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စပါးအိတ်များ ဖမ်းမိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၅ ရက်တွင် မူဆယ်မြို့နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Canter (၆)ဘီးယာဉ်နှစ်စီး၊ Isuzu ELF (၆) ဘီးယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စပါး(တစ်တင်းခွဲအိတ်)အိတ် ၄၈၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃ ဒသမ ၆ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

**ဆေးဝါးများ ဖမ်းမိ**

အလားတူ အောက်တိုဘာ ၄ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ်ခရီးသည် တင်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးနှစ်မျိုး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၇ ဒသမ ၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးများကို တွေ့ရစဉ်။**

# အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ဒေါ်လာသန်းချီတန်သော ဒုံးကျည်များဝယ်ယူရန် လက်မှတ်ရေးထိုး

**နယူးဒေလီ အောက်တိုဘာ ၆**

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ဒေါ်လာသန်းချီတန်သော အက်စ်-၄၀၀ ထရင့် ဒုံးကျည်စနစ်ကို ဝယ်ယူရန် ကာကွယ်ရေးဆိုင်ရာ စာချုပ်တစ်ရပ်ကို အောက်တိုဘာ ၅ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း အစိုးရသတင်းအရင်းအမြစ်တွင် ဖော်ပြခဲ့သည်။

အဆိုပါကာကွယ်ရေးဆိုင်ရာစာချုပ်ကို အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် အလည်အပတ်ရောက်ရှိနေသော ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ တွေ့ဆုံဆွေးနွေးပွဲအတွင်း လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် အလည်အပတ်ရောက်ရှိနေသော ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော အဆိုပါ ဒုံးကျည်ဝယ်ယူရေးစာချုပ်သည် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော် တန်ဖိုးရှိကြောင်း သိရသည်။

အဆိုပါနားလည်မှုစာချုပ်အရ အိန္ဒိယနိုင်ငံသည် အက်စ်-၄၀၀ ထရင့် အမျိုးအစား ဒုံးကျည်စနစ်ငါးခု ရရှိမည်ဖြစ်ကြောင်း သိရသည်။ ဒုံးကျည်ပို့ဆောင်မှုကို နှစ်နှစ်အတွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည် အိန္ဒိယနိုင်ငံသို့ အောက်တိုဘာ ၄ ရက်မှစကာ နှစ်ရက်ကြာအလည်အပတ်ခရီး ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်ဝယ်ယူရေးစာချုပ်ကို အစိုးရက သဘောတူထောက်ခံသည့်အတွက် ဒုံးကျည်ပို့ဆောင်ရေးကို နှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယလေတပ်အကြီးအကဲ ဘီအက်စ် ဒါနိုအာက အစောပိုင်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ အိန္ဒိယနိုင်ငံ နယူးဒေလီတွင် အောက်တိုဘာ ၅ ရက်က တွေ့ဆုံစဉ်။

# အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲပျောက်ဆုံးနေကြောင်း သိရ

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၆**

ပြင်သစ်ရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့တွင် အကြီးအကဲတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော မန်ဟောင်ဝေ ဆိုသူ တရုတ်နိုင်ငံသား ပျောက်ဆုံးနေသည့်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။ အဆိုပါ တရုတ်အကြီးအကဲကို မေးခွန်းများ မေးမြန်းရန် ၎င်းနိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းထားဟန်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၆၄ နှစ်ရှိ မန်ဟောင်ဝေကို လွန်ခဲ့သည့် စက်တင်ဘာလနှောင်းပိုင်းက ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ဌာနချုပ်ရှိရာ လိုင်ယွန်မှ တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်ကို နောက်ဆုံးမြင်တွေ့ခဲ့ရကြောင်း ၎င်းပျောက်ဆုံး မှုကို စုံစမ်းနေသည့် ပြင်သစ်ရဲတပ်ဖွဲ့အသိုင်းအဝိုင်း သတင်းရင်းမြစ်အရ သိရသည်။ ထိုအချိန်ကတည်းက ၎င်းပျောက်ဆုံးနေခြင်းဖြစ်သည်ဟု ၎င်း၏ဇနီးဖြစ်သူက ဖော်ပြခဲ့သည်။




ပျောက်ဆုံးနေသော အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲ မန်ဟောင်ဝေ။

၎င်းသည် ၎င်းနေထိုင်ရာပြင်သစ်တွင် ပျောက်ဆုံးခြင်းမဟုတ်ကြောင်း ယင်း ပျောက်ဆုံးမှုကို စုံစမ်းနေသည့် ပြင်သစ်ရဲတပ်ဖွဲ့ အသိုင်းအဝိုင်း သတင်းရင်းမြစ်က ဖော်ပြခဲ့သည်။

၎င်းသည် မူရင်းဇာတိဖြစ်သော တရုတ်နိုင်ငံသို့ စက်တင်ဘာ ၂၉ ရက်ကတည်းက ထွက်ခွာသွားကြောင်း France's Europe 1 ရေဒီယိုက ထုတ်လွှင့်ခဲ့သည်။

သို့သော်လည်း အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့က ၎င်းဘယ်နေရာ ရောက်နေသလဲဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး ယခုအချိန်အထိ ကောက်ချက်မချနိုင်သေးကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲ မန်ဟောင်ဝေ ပျောက်ဆုံးမှုနှင့် ပတ်သက် ပြီး မီဒီယာသတင်းဖော်ပြမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါကိစ္စသည် ပြင်သစ်နှင့် တရုတ်နိုင်ငံများမှ သက်ဆိုင်ရာအာဏာပိုင်များ၏ အရေးကိစ္စဖြစ်ကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့သည် ၎င်းပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး နောက်ထပ် မှတ်ချက်ပြုပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်တောင်ပိုင်း ချုံခိုတိုက်ခိုက်မှု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံး

**မနီလာ အောက်တိုဘာ ၆**

ဖိလစ်ပိုင်တောင်ပိုင်း လာနိုအာဒယ်ဆာ ပြည်နယ် ကာပိုင်မြို့တွင် အောက်တိုဘာ ၅ ရက်က ချုံခိုတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ရဲတပ်ဖွဲ့မှ သေဆုံးသူများသည် ဖိလစ်ပိုင်နိုင်ငံ၏ အဓိက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီဖြစ်သည့် ပီဒီအီးအေမှ ဖြစ်သည်ဟု သိရသည်။ ၎င်းတို့သည် မာရောမြို့သို့ ကားဖြင့်သွားနေစဉ် အမည်မသိသေနတ်သမားများက ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် တာဂိုလုံမြို့အနီးတွင် ပြုလုပ်သော မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး လက်နက်ချပွဲအခမ်းအနားအစီအစဉ် တက်ရောက်ခဲ့ပြီးနောက် ယခုလို ချုံခိုတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သေဆုံးသူများအနက် လေးဦးမှာ အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ပြီး ကျန် နှစ်ဦးမှာ ပြည်တွင်းဆေးရုံတစ်ခုတွင် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆက်လက် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နည်းပညာသည် အနာဂတ် ကုန်သွယ်မှုဖွံ့ဖြိုးရေးတွင် အရေးပါကြောင်း ဂျက်မားပြောကြား

ဂျီနီဗာ အောက်တိုဘာ ၆

**နည်းပညာသည် ကြောက်ရွံ့စရာမဟုတ်ဘဲ ကုန်သွယ်ရေးနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း (ဒဗလျူတီအို)ညွှန်ကြားရေးမှူးချုပ် ရိုဘာတို အဇီဗီဆိုနှင့် တရုတ်နိုင်ငံ အလီဘာဘာ အုပ်စု အမှုဆောင်ဥက္ကဋ္ဌ ဂျက်မားတို့က မကြာသေးမီက ပြောကြားလိုက်သည်။**




"နည်းပညာကို ကျွန်တော်တို့မရပ်တန့်နိုင်ပါဘူး။ ခင်ဗျားတို့ လုပ်နိုင်တဲ့ တစ်ခုတည်းသောအရာကတော့ အဲဒါကို ပွေ့ဖက်လိုက်ဖို့ပါပဲ" ဟု ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း ပြည်သူ့စကားဝိုင်းဖွင့်ပွဲ အခမ်းအနား၌ အလီဘာဘာအုပ်စု အမှုဆောင်ဥက္ကဋ္ဌ ဂျက်မားက ပြောကြားခဲ့သည်။

ထို့အပြင် ကမ္ဘာ့ကုန်သွယ်မှု၏ အနာဂတ်သည် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်ရေးပင်ဖြစ်ကြောင်း ဂျက်မားက ဆက်လက် ပြောကြားခဲ့သည်။

ဒစ်ဂျစ်တယ်မူဘောင်မှ တစ်ဆင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ ကုန်စည်ပို့ဆောင်မှုတွင် နည်းလမ်းသစ်များအဆက်မပြတ်စီးဆင်းနေကြောင်း၊ ထို့ပြင် ဝန်ဆောင်မှုအသစ်များလည်း ဖန်တီးဖြစ်ပေါ်နေကြောင်း ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း (ဒဗလျူတီအို) ညွှန်ကြားရေးမှူးချုပ် ရိုဘာတို အဇီဗီဆိုက နှစ်စဉ်ကျင်းပလေ့ရှိသော ကမ္ဘာ့ကုန်သွယ်ရေး ဆွေးနွေးပွဲ၌ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့အပြင် ဂျက်မားသည် ကျွန်တော်တို့ခေတ်တွင် အသိအမှတ်ပြုစရာ အကောင်းဆုံး ဉာဏ်ပညာထက်မြက်သည့် စီးပွားရေး ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ၎င်းကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို အားပေးသူတစ်ဦးအဖြစ် ကုလသမဂ္ဂက အမည်စာရင်း တင်သွင်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

လာမည့်နှစ် ၃၀ တွင် အသေးစားစီးပွားရေး ၈၀ ရာခိုင်နှုန်း ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အကျိုးကျေးဇူးဖြစ်ထွန်းလိမ့်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် စီးပွားရေး၏ ၈၅ ရာခိုင်နှုန်းသည် နည်းပညာသုံး ကုန်သွယ်ရေးဖြစ်လာလိမ့်မည် ဖြစ်ကြောင်း၊ ထို့ပြင် ကုန်သွယ်မှု၏ ၉၉ ရာခိုင်နှုန်းကို အွန်လိုင်းဖြင့် အလုပ်လုပ်ကိုင်ကြမည်ဖြစ်ပြီး ၁ ရာခိုင်နှုန်းအောက် အော့ဖ်လိုင်းဖြင့် လုပ်ကိုင်ကြနိုင်ခြေရှိကြောင်း ဂျက်မားက ပြောသည်။

ထို့နောက် ဂျက်မားက ဆက်လက် ပြောကြားသည်မှာ ယနေ့ ထုတ်ကုန်အများစုကို ကြည့်မည်ဆိုပါက တရုတ်နိုင်ငံတွင်ထုတ်လုပ်သည်၊ အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သည်၊ ဆွစ်ဇာလန်နိုင်ငံတွင် ထုတ်လုပ်သည်ဟု တွေ့မြင်နေရသော်လည်း နောင်လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အင်တာနက်တွင် ထုတ်လုပ်သည်ဟု တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ ကြီးထွားလာချိန်၌ ကုန်သွယ်မှုအပေါ် တွေးခေါ်လာသည့် ကမ္ဘာကြီး၏ အမြင်မှာလည်း ပြောင်းလဲလာနိုင်ကြောင်း ဒဗလျူတီအိုအကြီးအကဲက ပြောကြားခဲ့သည်။

ဒဗလျူတီအို သဘောတူညီမှုများကို ထိန်းသိမ်းထားသည်နှင့်အညီ အခြေခံစည်းမျဉ်း စည်းကမ်းများမှာ ရှင်းလင်းမှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိရေးတို့အပေါ် အလေးထား လုပ်ဆောင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တောင်အာဖရိကနိုင်ငံ၌ ရထားတိုက်မှုဖြစ်ပွားခဲ့ရာ ၃၀၀ ဒဏ်ရာရရှိ

**ဂျိုဟန်နက်စ်ဘာ့ဂ် အောက်တိုဘာ ၆**

တောင်အာဖရိကနိုင်ငံ ကန်တွန်ပ့်ါခ်မြို့၌ မကြာသေးမီက ရထားတိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၃၀၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ မတော်တဆမှုတွင် ယခုအချိန်အထိ သေဆုံးသူမရှိသေးကြောင်း သိရသည်။ ယခုအခါတွင် ဒဏ်ရာရရှိသူများကို ပြည်တွင်းဆေးရုံများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ခရီးသည်တင်ရထားတစ်စင်းသည် စက်ချွတ်ယွင်းကာ ရပ်ထားသော အခြားရထားတစ်စင်းကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဂူတန်မြို့ပတ်ရထားပြောရေးဆိုခွင့်ရှိသူ လီယန်မိုဖိုကန်က ပြောခဲ့သည်။

တောင်အာဖရိက ခရီးသည်တင်ရထားဌာနက မတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းရန် စစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းထားပြီး ရထားမတော်တဆမှုနှင့် ပတ်သက်သည့် အကြောင်းရင်းကို သိရှိနိုင်ရန် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

လွန်ခဲ့သည့် စက်တင်ဘာလကလည်း ဂျိုဟန်နက်စ်ဘာ့ဂ်မြို့တွင် ခရီးသည်တင် ရထားနှစ်စင်းတိုက်မိပြီး ခရီးသည် ၁၀၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

---

### ဆီးရီးယား ရွေးကောက်ပွဲကျင်းပသည့် အချိန်အထိ တူရကီတပ်ဖွဲ့ဝင်များ ဆက်လက်ရှိမည်ဟု အာဒိုဂန်ပြော

**အစ္စတန်ဘူလ် အောက်တိုဘာ ၆**

ဆီးရီးယားနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပသည့်အချိန်အထိ တူရကီတပ်ဖွဲ့ဝင်များ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်က မကြာသေးမီက ပြောကြားလိုက်သည်။ ရွေးကောက်ပွဲကျင်းပပြီးသည့် အချိန်တွင် ဆီးရီးယားနိုင်ငံကို မူရင်းပိုင်ရှင်အား ပြန်လည်ပေးအပ်မည် ဖြစ်ကြောင်း တူရကီသမ္မတ အာဒိုဂန်က အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်နှစ်အတွင်း တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင် စစ်ဆင်ရေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ဆီးရီးယားနိုင်ငံရှိ အာဖရင်အပါအဝင် မြို့များကို ထိန်းချုပ်ထားခဲ့သည်။ တူရကီ၊ ရုရှားနှင့်အီရန် သုံးနိုင်ငံတို့ ဆွေးနွေးညှိနှိုင်းမှုမှ ရရှိခဲ့သည့် သဘောတူညီချက်ဖြင့် တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်၌ စောင့်ကြည့်လေ့လာရေးစခန်းပေါင်း ၁၂ ခုထားရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၉ ရက်တွင် ကုလသမဂ္ဂ၌ ကျင်းပခဲ့သော အစည်းအဝေးတွင် ဆီးရီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ဆီးရီးယားနိုင်ငံအစိုးရ၏ ခွင့်ပြုချက်မရှိဘဲ နိုင်ငံနယ်နိမိတ်အတွင်းသို့ ရောက်ရှိနေသည့် ပြည်ပတပ်ဖွဲ့ဝင်များ ချက်ချင်း ထွက်ခွာပေးရေး တောင်းဆိုခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

---

# ၂၀၁၈ ငြိမ်းချမ်းရေးနိုဘယ်ဆုနဲ့ ထိုက်တန်ခဲ့တဲ့ သူတို့နှစ်ဦး

**ထွန်းသစ်စ**

**အကြမ်းဖက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုအတွက် မားမားမတ်မတ် တိုက်ပွဲဝင်ခဲ့တဲ့ ကွန်ဂို ဆရာဝန် ဒန်းနစ်မူဝီဂျီနဲ့ ရာဇီဒီစည်းရုံးလှုံ့ဆော်ရေးသမား ဖြစ်သူ နာဒီယာမူရက်တို့ကို ၂၀၁၈ နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့ပါတယ်။**


ကွန်ဂို ဆရာဝန် ဒန်းနစ်မူဝီဂျီ


နာဒီယာမူရက်

ယခုလို ချီးမြှင့်မှုဟာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို လက်နက်ကိုင်ပဋိပက္ခနဲ့ စစ်လက်နက်အသွင် အသုံးချနေမှုကို အဆုံးသတ်ရေး ကြိုးစားခဲ့တဲ့ သူတို့ နှစ်ဦးအတွက် နိုဘယ်ဆု ရွေးချယ်ချီးမြှင့်ရေး ကော်မတီက အသိအမှတ်ပြုလိုက်တာပဲ ဖြစ်ပါတယ်လို့ နိုဘယ်ဆုရွေးချယ်ချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဘာရစ်ရိတ်စ်အန်ဒါဆန်က ကြေညာချက်မှာ ပြောခဲ့ပါတယ်။ နိုဘယ်ငြိမ်းချမ်းရေးဆုရသူတွေဟာ နိုင်ငံတကာရဲ့ချီးကျူးထောမနာတွေကိုလည်း ရရှိခဲ့ပါတယ်။

**မူဝီဂျီ**

မူဝီဂျီဟာ တစ်ဖက်ကလည်း ဆရာဝန်ဖြစ်ခဲ့သလို သူဟာ ပဋိပက္ခတစ်ခုချင်းစီမှာ ဖြစ်ပေါ်နေတဲ့ ကမ္ဘာလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုတွေကို တွန်းလှန်ပြီး တိုက်ပွဲဝင်ခဲ့တဲ့သူပါလို့ Me Too လှုပ်ရှားမှုမှာ ဖော်ပြပါတယ်။

လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှု၊ အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်နှောင့်ယှက်မှု စွပ်စွဲမှုတို့ဖြင့် ဒါဇင်ပေါင်းများစွာသော ဩဇာကြီးမားသူများကို ပြိုလဲကျအောင် လုပ်ဆောင်နိုင်ခဲ့သည့် Me Too လှုပ်ရှားမှုရဲ့ ပထမနှစ်ပတ်လည် ကျင်းပတဲ့နေ့နဲ့ တိုက်ဆိုင်စွာပဲ အခုလို ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးအပ်ချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။

သူတို့နှစ်ဦးရဲ့ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ နိုဘယ်ဆုရွေးချယ်ချီးမြှင့်ရေးကော်မတီက စစ်ပွဲတွေ၊ အကြမ်းဖက် ပဋိပက္ခအတွင်းမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို အဆုံးသတ်ဖို့ကမ္ဘာ့ပြဿနာတစ်ရပ်အနေနဲ့ မီးမောင်းထိုးပြီး ဖော်ပြနိုင်ခဲ့သလို သူတို့ကို ၂၀၁၈ ငြိမ်းချမ်းရေး နိုဘယ်ဆုပေးအပ်ဖို့ စဉ်းစားဆုံးဖြတ်ခဲ့တာပဲ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆု ကြေညာတဲ့အချိန်မှာ မူဝီဂျီဟာ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်းမှာရှိတဲ့ သူ့ရဲ့ ဆေးရုံမှာ ခွဲစိတ်မှုတွေ လုပ်ဆောင်နေခဲ့ပါတယ်။ သူ့ရဲ့နိုဘယ်ဆုကိုတော့ စစ်ပွဲအတွင်းမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေအားလုံးအတွက် ရည်စူးထားတယ်လို့ သိရပါတယ်။

အခုနိုဘယ်ဆုဟာ ဒုက္ခခံစားနေရတာတွေကို အသိအမှတ်ပြုတဲ့ သဘောသာမက ကမ္ဘာအနှံ့မှာရှိတဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံစားခဲ့ရတဲ့ သူတွေအတွက် လုံလောက်တဲ့ လျော်ကြေးမျိုး မပေးနိုင်တာကိုလည်း ဖော်ပြတဲ့ သဘောပါပဲလို့ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်း ဘူကာဗီမြို့ရှိ ပန်ဇီဆေးရုံအပြင်ဘက်မှာ သူက ပြောခဲ့ပါတယ်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံစားခဲ့ရတဲ့ အမျိုးသမီးတွေကို ရည်ရွယ်ပြီး သူက "ဒီငြိမ်းချမ်းရေးနိုဘယ်ဆုနဲ့ အတူ ကျွန်တော်ပြောချင်တာက ကမ္ဘာကြီးက မင်းတို့ရဲ့ အသံတွေကိုကြားပြီး အသိအမှတ်ပြုပေးတယ်ဆိုတာပဲ ဖြစ်ပါတယ်။

"ပြီးတော့လည်း ကမ္ဘာကြီးက မင်းတို့ရဲ့ ဒုက္ခခံစားနေရတာတွေကို မျက်ကွယ်မပြုပါဘူး" လို့ သူက ဆက်ပြောခဲ့ပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်စုကျော်လောက်က အသက် ၆၃ နှစ်ရှိ ဒီဆရာဝန်ကြီးဟာ ကွန်ဂိုအရှေ့ပိုင်းစစ်ပွဲဒဏ်ခံ ဒေသရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံဘဝအခြေအနေတွေနဲ့ ကြုံတွေ့ခဲ့တဲ့ အမျိုးသမီးတွေကို နာလန်ထလာအောင် ကူညီဆောင်ရွက်ပေးသူလည်း ဖြစ်ပါတယ်။

မူဝီဂျီဟာ လသားအရွယ်ကလေးငယ်လေးတွေအပါအဝင် အမျိုးသမီးကြီးတွေအထိ ဒုက္ခခံစားနေရတဲ့ အမျိုးသမီးထောင်သောင်းမကကို တောင်ကီဗူးမှာရှိတဲ့ သူကိုယ်တိုင် ၁၉၉၉ ခုနှစ်က တည်ထောင်ထားတဲ့ ပန်ဇီဆေးရုံမှာ ဆေးဝါးကုသမှုတွေ ပြုလုပ်ပေးလျက်ရှိပါတယ်။

အံ့တစ်ပါး ဆရာဝန်ကြီးလို့ လူသိများတဲ့သူဟာ စစ်ပွဲအတွင်း အမျိုးသမီးတွေ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုနဲ့ ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သူလည်းဖြစ်ပါတယ်။ သူဟာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို "လူပေါင်းများစွာပျက်စီးသေကျေစေတဲ့လက်နက်" အဖြစ် တင်စားဖော်ပြခဲ့ပါတယ်။

**မူရက်**

မူရက်... ရာဇီဒီအသိုင်းအဝိုင်းက အသက် ၂၅ နှစ်အရွယ် အမျိုးသမီးလေးတစ်ဦး။ သူ့ကိုလည်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ၂၀၁၈ ငြိမ်းချမ်းရေး နိုဘယ်ဆုကို ပေးအပ်ခဲ့ပြန်ပါသေးတယ်။

သူဟာ ၂၀၁၄ ခုနှစ်က အိုင်အက်စ်စစ်သွေးကြွတွေရဲ့ ပြန်ပေးဆွဲခံခဲ့ရပြီး သူတို့လက်မှ လွတ်မြောက်ဖို့ကြိုးစားရင်း လိင်ကျေးကျွန်အဖြစ် သုံးလကြာ ကြုံကြုံခံလောကခံကို အန်တုခဲ့ရသူလည်း ဖြစ်ပါတယ်။

သူဟာ ထောင်ပေါင်းများစွာသော ပြန်ပေးဆွဲခံ ရာဇီဒီအမျိုးသမီးတွေထဲက တစ်ယောက်ဖြစ်ပြီး ကာ့ဒ်မျိုးနွယ်စုအပေါ် ဂျီဟတ်တွေရဲ့ ကျူးကျော်မှုအတွင်း မတရားနှိပ်စက် အဓမ္မပြုကျင့်ခြင်းကို ခံရသူလည်း ဖြစ်ပါတယ်။ အဆိုပါ ကိစ္စကို ကုလသမဂ္ဂကတော့ လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် ဖော်ပြခဲ့ပါတယ်။

သူလွတ်မြောက်ပြီးနောက် သူဟာ ရာဇီဒီအသိုင်းအဝိုင်းကို ခုခံကာကွယ်ပေးဖို့ကြိုးစားရင်း ရာဇီဒီအသိုင်းအဝိုင်းအတွက် ပြယုဂ်တစ်ခုဖြစ်လာခဲ့ပြီး နာမည်ကြီးလာပါတော့တယ်။ နောက်ပိုင်းမှာ သူ့ကို လူမှောင်ခိုကူးသန်းခြင်းဆိုင်ရာ ဒုက္ခရောက်နေသူတွေကို ကူညီဖို့ ကုလသမဂ္ဂသံအမတ်အဖြစ် ခန့်အပ်ခဲ့ပါတယ်။

၂၀၁၈ ငြိမ်းချမ်းရေးနိုဘယ်ဆုရခြင်းအပေါ် မူရက်က "လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံစားနေရတဲ့ ဒုက္ခသည်အမျိုးသမီးအားလုံးအတွက် ဒါဟာ သိသာထင်ရှားတဲ့ အောင်မြင်မှု ပြယုဂ်တစ်ခုပါပဲ။ ဒါဟာ အဓိပ္ပာယ်အများကြီးပါဝင်ပြီး လေးနက်ပါတယ်။

"ဒီဆုဟာ ကျွန်မတစ်ယောက်တည်းအတွက် ဆုမဟုတ်ပါဘူး၊ အီရတ်နဲ့ တစ်ကမ္ဘာလုံးရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံစားနေရတဲ့ အမျိုးသမီးတွေ အားလုံးအတွက် ဖြစ်ပါတယ်" လို့ နိုဘယ်ဖောင်ဒေးရှင်းဝက်ဘ်ဆိုက်မှာ သူက အင်္ဂလိပ်လို ပြောခဲ့ပါတယ်။

နှိပ်စက်ညှဉ်းပန်းခံနေရတဲ့ ကာ့ဒ်မျိုးနွယ် လူနည်းစုအတွက်လည်း ကမ္ဘာကြီးက သူ့ရဲ့အသံကို ကြားနေပါတယ်လို့ ဒီနိုဘယ်ဆုက ပြောပြနေသလိုပါပဲလို့လည်း သူက ပြောပါတယ်။

ဒ့ါအပြင် ဒီနိုဘယ်ဆုဟာ အခြားပဋိပက္ခဖြစ်နေတဲ့ နေရာဒေသတွေမှာ လိင်ပိုင်းဆိုင်ရာ ဒုက္ခခံစားနေရတဲ့ အမျိုးသမီးတွေရဲ့အသံကို ထင်ဟပ်စေပါတယ်လို့ သူက ဆက်ပြောပါတယ်။

နိုဘယ်ဆုရွေးချယ်ရေးကော်မတီကတော့ သူဟာ အခြားမိန်းကလေးတွေလို လူမှုရေးဆိုင်ရာစော်ကားမှုတွေကို ဆိတ်ဆိတ်ငြိမ်သည်းခံနေမှာမဟုတ်ဘဲ ငြင်းဆိုတတ်တဲ့ တကယ့်အာဂအမျိုးသမီးတစ်ဦးဖြစ်တယ်လို့ ချီးမွမ်းခန်း ဖွင့်ခဲ့ပါတယ်။

**အုန်းအုန်းကျွက်ကျွက်ညံညံစီ**

၂၀၁၈ ခုနှစ် နိုဘယ်ဆုကြေညာတဲ့အခါမှာတော့ ပန်ဇီဆေးရုံတစ်ဝန်းလုံး အုန်းအုန်းကျွက်ကျွက်ညံညံစီသွားခဲ့ပါတယ်။

"အပြင်မှာ ဆူဆူညံညံဖြစ်နေတော့ ကျွန်တော်ဟာ ဒုတိယခွဲစိတ်ကုသမှု ပြီးလုနီးနေပါပြီ" လို့ မူဝီဂျီက နိုဘယ်ဖောင်ဒေးရှင်း ဝက်ဘ်ဆိုက်မှာ ရေးသားခဲ့ပါတယ်။

၂၀၁၈ ငြိမ်းချမ်းရေးနိုဘယ်ဆုနဲ့ ထိုက်တန်တဲ့ တကယ့်အာဂပုဂ္ဂိုလ်နှစ်ဦးပေါ်ထွက်ခဲ့တယ်ဆိုတာ တကယ်ဝမ်းသာဂုဏ်ယူပါတယ်လို့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲ မီရှဲလ်ဘာချီလက်က ဆိုပါတယ်။

အီရတ်သမ္မတသစ် ဘာဟန်ဆာလေကတော့ မူရက်ရဲ့ အခုလို ၂၀၁၈ နိုဘယ်ဆုချီးမြှင့်ခံရခြင်းဟာ ရာဇီဒီမျိုးနွယ်စု အသိုက်အဝန်းအတွက် တကယ့်ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စဖြစ်ပြီး ဒုက္ခခံစားနေရတဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံ အမျိုးသမီးတွေရဲ့ လူ့အခွင့်အရေးကိုလည်း ခုခံကာကွယ်ပေးခဲ့တဲ့ သူ့ရဲ့ သတ္တိဟာ ပြောင်မြောက်လှကြောင်း ချီးကျူးလိုက်ပါတယ်။

ထို့အတူ ရက်ရွံ့မှုတွေကို ထားခဲ့ပြီး ကမ္ဘာကသိအောင် ကြွေးကြော်ပြနိုင်ခြင်းဟာ ၂၀၁၈ ခုနှစ် နိုဘယ်ဆုချီးမြှင့်ခံရခြင်းရဲ့ အကြောင်းရင်းတစ်ချက်လည်း ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ အော်စလိုမှာ ကျင်းပမယ့် ဒီဇင်ဘာ ၁၀ ရက် နိုဘယ်ဆုပေးပွဲအခမ်းအနားကို တက်ရောက်မှာ ဖြစ်ပြီး ၁၉၆၆ ခုနှစ်မှာ ကွယ်လွန်ခဲ့တဲ့ နိုဘယ်ဆုများရဲ့ ဖခင်ကြီးအဲဖရက်နိုဘယ်ကို လေးစားဂုဏ်ပြုနေကြရမှာ ဖြစ်ပါတယ်... ။ ။

**ကိုးကား-အေအက်ဖ်ပီ**

> **" သူတို့နှစ်ဦးရဲ့ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ နိုဘယ်ဆုရွေးချယ်ချီးမြှင့်ရေးကော်မတီက စစ်ပွဲတွေ၊ အကြမ်းဖက်ပဋိပက္ခအတွင်းမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို အဆုံးသတ်ဖို့ ကမ္ဘာ့ပြဿနာတစ်ရပ်အနေနဲ့ မီးမောင်းထိုးပြီး ဖော်ပြနိုင်ခဲ့သလို သူတို့ကို ၂၀၁၈ ငြိမ်းချမ်းရေး နိုဘယ်ဆုပေးအပ်ဖို့ စဉ်းစားဆုံးဖြတ်ခဲ့တာပဲဖြစ် "**

# ပဲခူး၌ ပရိဘောဂပစ္စည်း စက်မှုဇုန်သစ်တစ်ခု ဖော်ထုတ်ရန် တွေ့ဆုံဆွေးနွေး

**ပဲခူး အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီးအတွင်း ရော်ဘာသစ်ကိုအခြေခံသော အဆင့်မီစက်မှုဇုန်အသစ်တစ်ခု ဖော်ထုတ်ရန်အတွက် အမေရိကန်နိုင်ငံအခြေစိုက် MDS Investment LLC မှ Ms.Mei Mei Lin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများအား ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ အောက်တိုဘာ ၅ ရက်က လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးရာတွင် MDS Investment LLC မှ တာဝန်ရှိသူများက ၎င်းတို့ကုမ္ပဏီသည် အမေရိကန်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး ပရိဘောဂပစ္စည်းများကို အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် အဓိကထား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ လက်ရှိအနေဖြင့် အမေရိကန်တွင် ခိုင်မာသောဈေးကွက်တစ်ခု ရရှိထားပြီးဖြစ်၍ မြန်မာနိုင်ငံတွင် ပရိဘောဂပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ တည်ထောင်ရန်အတွက် လာရောက်ကမ်းလှမ်းခြင်းဖြစ်ကြောင်း၊ ပဲခူးဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့်လည်း လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကိုရှေးရှု၍ မည်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမျိုးကိုမဆို ကြိုဆိုလျက်ရှိကြောင်း၊ အဓိကအားဖြင့် ရော်ဘာသစ်ကိုအခြေခံပြီး ပရိဘောဂပစ္စည်းများ ထုတ်လုပ်မည်ကို သိရှိရသဖြင့် ရော်ဘာစိုက်တောင်သူများအနေဖြင့် ထင်းအဖြစ်ရောင်းချနေရသည့်အစား ဈေးကွက်ဝင်ရော်ဘာသစ်များ ရောင်းချနိုင်မည့် အခွင့်အရေးတစ်ရပ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများနှင့် တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်မည့် စက်မှုဇုန်လုပ်ငန်းများအတွက် မိမိတို့အစိုးရအနေဖြင့် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

**ဟိန်းထက်(မြန်/ဆက်)**



# တောင်ကြီးအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

**တောင်ကြီး အောက်တိုဘာ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဦးဆောင်ပြီး ရှမ်းပြည်နယ်တွင် ပထမဆုံးအကြိမ်အဖြစ် အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ၂၀၁၈ ကို တောင်ကြီးမြို့လွတ်လပ်ရေးကျောက်တိုင်ကွင်း မိုးလုံလေလုံအားကစားခန်းမ၌ အောက်တိုဘာ ၅ ရက်မှစ၍ ကျင်းပရာ ပြပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်အားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ကုန်စည်ပြပွဲတွင် ပြည်တွင်းပြည်ပနိုင်ငံများမှ လာရောက်ပြသသည့်အတွက် ၎င်းတို့၏ အရည်အသွေးမြင့် ထုတ်ကုန်အမှတ်တံဆိပ်များကို တစ်နေရာတည်းတွင် တစ်ပေါင်းတစ်စည်းတည်း တွေ့မြင်နိုင်ပြီး ရှမ်းပြည်နယ်အတွင်းမှ လုပ်ငန်းရှင်များအတွက် စီးပွားရေးစကြံတစ်ခုကို ဖန်တီးပေးနိုင်၍ စီးပွားရေးကွန်ရက်ကို ချဲ့ထွင်နိုင်မည်ဖြစ်ကာ ကုန်စည်ပြပွဲ အတွေ့အကြုံများကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ ယခု ခုနစ်နိုင်ငံပါဝင်သော ကုန်စည်ပြပွဲကျင်းပခြင်းမှာ ရှမ်းပြည်နယ်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် အဓိကနည်းလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ဧရိယာအကျယ်ဆုံးပြည်နယ်ဖြစ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ရန် သယံဇာတ အရင်းအမြစ်များစွာရှိသော ပြည်နယ်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများအတွက်လည်း အလွန်သာယာလှပပြီး စိတ်ဝင်စားစရာဒေသတစ်ခုဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ကုန်စည်ပြပွဲတွင် ရှမ်းပြည်နယ်၏ ထွက်ကုန်များဖြစ်သည့် စိုက်ပျိုးရေးထွက်ကုန်များ၊ အင်းလေးဒေသမှ ရိုးရာထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့်အတူ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ စက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကာ ကုန်စည်ပြပွဲနှင့်အတူ ဒုတိယမြောက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး Taunggyi Export Promotion Forum ကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။



ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကလည်း အမှာစကားပြောကြားပြီး တောင်ကြီးအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီးဦးအောင်ထူး၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်နှင့် သံရုံးကိုယ်စားလှယ်တစ်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ ကုန်စည်ပြပွဲကို အောက်တိုဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲအတွင်း ဆိုင်ခန်းပေါင်း ၈၀ ကျော်ခန့် ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# လီဆူတိုင်းရင်းသားများ၏ ဘောလုံးပြိုင်ပွဲ ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

**မြစ်ကြီးနား အောက်တိုဘာ ၆**

လီဆူတိုင်းရင်းသားများထဲမှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သော အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖလား လီဆူတိုင်းရင်းသားအမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် လီဆူတိုင်းရင်းသား အဆိုတော်များက တေးသီချင်းများသီဆိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယခုလို လီဆူတိုင်းရင်းသားအမျိုးသား ဘောလုံးပြိုင်ပွဲကို ကျင်းပပေးခြင်းကြောင့် လူအများ အားကစားကို စိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောနိုင်ငံသားများ ဖြစ်လာစေသလို အချင်းချင်း စည်းလုံးညီညွတ်မှုကိုလည်း ရရှိစေမည်ဖြစ်ကြောင်း အမှာစကား ပြောကြား သည်။

ထို့နောက် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က ပြိုင်ပွဲတွင် အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားကြရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်လာအောင် ကြိုးပမ်းသွားကြရန်မှာကြားကာ လီဆူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ဘင်ခရာအဖွဲ့များနှင့် အေရိုးဗစ်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ဇရာအိုအသင်းနှင့် ကညာပျိုအသင်းတို့က အပျော်တန်းယှဉ်ပြိုင်ကစားခဲ့ပြီးနောက် အဖွင့်ပွဲစဉ်အဖြစ် မြစ်ကြီးနားခရစ်တော်အသင်းတော်အသင်းနှင့် မြစ်ကြီးနား(မြောက်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖလား လီဆူတိုင်းရင်းသား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဝိုင်းမော်၊ ဖားကန့်၊ ပူတာအို ယဉ်ကျေးမှုအသင်းများ၊ မြစ်ကြီးနားခရစ်တော်အသင်းတော်၊ လီဆူအသင်းတော်(က၊ခ)၊ မြစ်ကြီးနား(မြောက်ပိုင်း၊တောင်ပိုင်း၊အနောက်ပိုင်း) အသင်းများနှင့် မြစ်ကြီးနား နှစ်ခြင်းအသင်းတော် စသည့် အသင်း ၁၀ ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **ပြည်နယ်(မြန်/ဆက်)**

# ငဖဲမြို့နယ်အတွင်းမှ ပဒါန်းအုပ်စုရွာကြီးကို မြို့အဆင့်တိုးမြှင့်ပေးနိုင်ရန် မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် မေးမြန်း

**မကွေး စက်တင်ဘာ ၆**

အောက်တိုဘာ ၅ ရက်ကကျင်းပသည့် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒသမနေ့တွင် ငဖဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစန်းကြူက ငဖဲမြို့နယ်အတွင်းရှိ မြို့ကဲ့သို့ တိုးတက်စည်ပင်နေသော ပဒါန်းအုပ်စုရွာကြီးကို မြို့အဆင့်သို့တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်းနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးက ပြန်လည်ဖြေကြားရာတွင် ပဒါန်းကျေးရွာအုပ်စုသည် မင်းဘူး-ပဒါန်း-အမ်းလမ်း၊ မင်းဘူး-ငဖဲ-စေတုတ္တရာလမ်းနှင့် ပုသိမ်-မုံရွာ လမ်းဆုံ၌ တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ ၁၀၁၆ အိမ်၊ အိမ်ထောင်စု ၁၁၅၀ ၌ လူဦးရေ ၄၉၂၆ ဦး နေထိုင်လျက်ရှိသော ရွာကြီးတစ်ရွာဖြစ်ကြောင်း၊ ကျေးရွာဟုဆိုသော်လည်း မြို့အင်္ဂါရပ်နှင့်ညီညွတ်စေသည့် လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စုများရှိနေပြီး စည်ပင်သာယာဈေးလည်း ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ၂-၆-၂၀၀၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပဒါန်းကျေးရွာကို စည်ပင်သာယာရေးနယ်နိမိတ်ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ပဒါန်းကျေးရွာကို ရွာအဆင့်မှ မြို့အဆင့် တိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်ထားရှိပြီးဖြစ်၍ မြို့ရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းမည့် အမှုတွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်သာ ကျန်ရှိကြောင်း ဖြေကြားခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၅၄ အရ ‘သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်’ဟု ပြဋ္ဌာန်းထားရှိသောကြောင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများက ပဒါန်းကျေးရွာကို မြို့အဆင့်အဖြစ် တိုးမြှင့်သတ်မှတ်နိုင်ရေး ဆောင်ရွက်လိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်သည့်အထောက်အထားများဖြင့် အမှုတွဲတည်ဆောက်ပြီး တိုင်းဒေသကြီးအစိုးရ၏ သဘောတူခွင့်ပြုချက်နှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ရေကြီးနေသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**လွိုင်ကော် အောက်တိုဘာ ၆**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါနေရာများသို့ ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ အောက်တိုဘာ ၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအတွက် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်မြို့ ဘီလူးချောင်းကမ်းနားလမ်းတွင် အလျား ပေ ၁၅၀၊ အနံ ၁၂ ပေနှင့် အမြင့် ခုနစ်ပေခန့် မြေနိမ့်ကျမှုဖြစ်ပွားခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုပြီး ပြည်သူများအတွက် အန္တရာယ်မဖြစ်စေရန် လမ်းကို ခေတ္တပိတ်ထား၍ ပြန်လည်စိစစ်ပြုပြင်မှုများ လုပ်ဆောင်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် နိုးကိုးကျေးရွာအုပ်စု ကယားညေးခူကျေးရွာအတွင်းသို့ ရေဝင်ရောက်နေသည့်အခြေအနေများကိုကြည့်ရှုပြီး ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံကာ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြည်သူများ၏တင်ပြချက်များအရ မိုးဖြဲလက်ဝဲမြောင်းမကြီးဖြတ် Syphom တစ်ခု ဆောင်ရွက်ပေးရန်၊ Syphom အထက်ဘက်တွင် ပေ ၃၂၀၀ အရှည် ရေနုတ်မြောင်းတူးပေးရန်နှင့် Syphom အောက်ဘက် ပေ ၅၀၀၀ အကွာမှစတင်ပြီး ဘီလူးချောင်းအထိ ပေ ၁၆၅၀၀ ခန့် ရေနုတ်မြောင်းတူးပေးရန်၊ ကယားညေးခူရွာအဝင်လမ်းထိပ်ရှိ ရေထိန်းရေမြှင့်အဆောက်အအုံပေါ်တွင် သစ်သားခင်းတံတားအစား ကွန်ကရစ် Slad ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ဒီမော့ဆိုမြို့နယ်မှ ဒေါတော်ကူး-လားလဲ ကျေးရွာချင်းဆက်တံတား ရေကျော်ပြီး ရွှံ့နွံသစ်ကိုင်းများ ပိတ်ဆို့နေသည့်နေရာတွင် ပြည်သူများ သွားလာရေး အခက်အခဲမဖြစ်စေရန်အတွက် အမြန်ဆုံးရှင်းလင်းဖယ်ရှားသွားရန် သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး စံပြ(၆)မိုင်အုပ်စုအတွင်း စပါးခင်း ၂၄၁ ဧက ရေကြီးနေမှုကို သွားရောက်ကြည့်ရှုကာ ပြည်သူများနှင့်တွေ့ဆုံ၍ ရေနုတ်မြောင်းများ ထပ်မံဖော်ထုတ်ပေးရန် တင်ပြလာမှုအပေါ် နောင်တွင် အမှန်တကယ်လိုအပ်သည့်နေရာကို ဦးစားပေးဆောင်ရွက်ရန်၊ လိုအပ်သည့်နေရာများ၌ ဆောင်ရွက်ရာတွင် ပြည်သူများအား ချပြဆောင်ရွက်သွားရန်၊ ညောင်ကိုင်းချောင်း နန်းပို့နေခြင်းကို ပြန်လည်တူးဖော်ပေးရန်နှင့် ညောင်ကိုင်းချောင်းဘေး ရေနုတ်မြောင်းပေါင်ကို တောင်သူများ ကုန်ထုတ်လမ်းအဖြစ် အသုံးပြုနိုင်ရေးအတွက် ပွင့်လင်းရာသီတွင် မျက်နှာပြင်ညှိခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန်၊ မြောင်းဂွဆည်မှ လက်ယာဘက်သို့ခွဲထွက်သော ရေပေးမြောင်း ပေ ၅၀၀၀ ကို ပြန်လည်တူးဖော်ပေးနိုင်ရေးအတွက် တွက်ချက်တင်ပြရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



**ထွန်းလေး**

# လူတိုင်းအတွက်ရှေးဦးပြုစုခြင်းအစီအစဉ်ကို လူမှုကွန်ရက်နှင့် ရုပ်သံမီဒီယာများတွင် ပြသမည်

**ရန်ကုန် အောက်တိုဘာ ၆**

အရေးပေါ်ကျန်းမာရေးအခြေအနေတွင် အဓိကကျသည့် ရှေးဦးပြုစုခြင်းသင်ခန်းစာများပါဝင်သည့် လူတိုင်းအတွက်ရှေးဦးပြုစုခြင်း(First Aid For All) ကျန်းမာရေးအစီအစဉ်ကို ဆက်သွယ်ရေးအော်ပရေတာ MPT နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ပူးပေါင်းပြီး လူမှုကွန်ရက်မီဒီယာများနှင့် ရုပ်သံမီဒီယာများတွင် ယခုလမှစ၍ နောက်နှစ် ဖေဖော်ဝါရီလအထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၅ ရက်က ရန်ကုန်မြို့ Park Royal ဟိုတယ်၌ကျင်းပသည့် အဆိုပါအစီအစဉ်အကြောင်း ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့်အန္တရာယ်ကင်းရှင်းရေးဌာနမှ ရှေးဦးပြုစုခြင်းစီမံချက်မန်နေဂျာ ဦးထွန်းလွင်ဦးနှင့် ကြက်ခြေနီအသင်းဝင်များက ထိခိုက်ဒဏ်ရာရရှိသူအား ပြုစုခြင်းနှင့် ရေနစ်သူအားအသက်ကယ်ပြုစုခြင်းတို့ကို လက်တွေ့သရုပ်ပြပြီး MPT မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ရှိန်တို့က ကျန်းမာရေးပညာပေးဆောင်ရွက်မှု ကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

First Aid For All ကျန်းမာရေးအစီအစဉ်အတွက် ပန်းနာရင်ကျပ်ခြင်း၊ ဦးခေါင်းထိခိုက်မိခြင်း၊ နှလုံးရောဂါဖောက်ခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်း၊ အရိုးကျိုးခြင်းနှင့် အပြင်းအထန်မီးလောင်ခံရခြင်း စသည်တို့တွင် ရှေးဦးပြုစုခြင်းနည်းလမ်းများဖြင့် စောင့်ရှောက်သည့် ဗွီဒီယို ၁၃ ခုကို MPT ဝန်ထမ်းများကိုယ်တိုင် ပါဝင်သရုပ်ဆောင်ရိုက်ကူး၍ အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ သိရှိစေရန် ရုပ်သံမီဒီယာများ၊ လူမှုကွန်ရက်ပေါ်မှ မီဒီယာများနှင့် MPT ၏ လိုတရပေါ်တယ်လ်တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရှေးဦးပြုစုနည်း ကျွမ်းကျင်လက်မှတ်ရ ဒေသခံသင်ကြားရေးဆရာများက မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ စာသင်ကျောင်း ၁၅ ကျောင်းတွင် လက်တွေ့သရုပ်ပြသင်ကြားမှုနှင့် ပြိုင်ပွဲများကိုလည်း ပြုလုပ်သွားမည်ဟု သိရသည်။

ရှေးဦးပြုစုခြင်းစီမံချက်မန်နေဂျာ ဦးထွန်းလွင်ဦးက လူတိုင်းရှေးဦးပြုစုခြင်းအတတ်ပညာတွေကို တတ်မြောက်ထားမယ်ဆိုရင် ဖြစ်ပေါ်လာတဲ့အနေအထား



အပေါ်မူတည်ပြီး လူတိုင်းဟာ သူတို့ကိုယ်သူတို့ ပြုစုနိုင်မယ့်အနေအထားမျိုးတွေ ဖြစ်ပေါ်လာမှာပါ ”ဟု ပြောကြားသည်။

MPT မှ တာဝန်ရှိသူတစ်ဦးကလည်း “ရှေးဦးပြုစုခြင်းနည်းစနစ်တွေကို အထူးသဖြင့် လူငယ်တွေ ပိုပြီးသိထားဖို့ အရေးကြီးတာကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အခြေခံပညာကျောင်းတွေနဲ့ MPT တို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်၊ ကျောင်းအဆင့် ရှေးဦးပြုစုခြင်း အသိပညာပေးပြိုင်ပွဲတွေကိုပါ ထည့်သွင်းပြုလုပ်သွားမှာပါ”ဟုပြောသည်။

အဆိုပါ ပညာပေးအစီအစဉ် ပြုလုပ်ခြင်းရည်ရွယ်ချက်မှာ ရှေးဦးပြုစုခြင်း(First Aid) နှင့်ပတ်သက်သည့် နည်းလမ်းများကို ပြည်သူများနှင့် လူငယ်များအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ လူ့အသက်ကယ်ခြင်းသည် ခက်ခဲသည့်အလုပ်မဟုတ်ကြောင်းကို ရှေးဦးပြုစုခြင်းမှတစ်ဆင့် သိရှိနိုင်စေရန်နှင့် လူငယ်များကြား ရှေးဦးပြုစုခြင်းနည်းလမ်းများ သင်တန်းပေးခြင်းနှင့် ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ပါက လက်တွေ့လုပ်ဆောင်နိုင်စေရန်ရည်ရွယ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း သက်တမ်းတိုးဆောင်ရွက်ရေး လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း(SMU Project)ကို ၂၀၁၉ နိုဝင်ဘာလအထိ သက်တမ်းတိုးရန်အတွက် ROD Amendment လက်မှတ်ရေးထိုးပွဲကို အောက်တိုဘာ ၅ ရက်က နေပြည်တော် ရုံးအမှတ်(၁၅)ရှိ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ ကျင်းပခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် KOICA မှ Chief Representative Ms. Lee Youn Soo တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။



မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်း၍ မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း(SMU Project)ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ မူလသဘောတူညီချက်အရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ငါးနှစ်ပြည့်မြောက်၍ စီမံကိန်းပြီးဆုံးမည်ဖြစ်သော်လည်း စီမံကိန်းကာလကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ ကိုးလကျော် တိုးချဲ့သက်တမ်းတိုးရန်အတွက် ROD Amendment လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲတွင် ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ KOICA မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကိုလည်း ဆွေးနွေးခဲ့ကြသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျေးရွာစီမံကိန်းခေါင်းဆောင်များအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသကဲ့သို့ စီမံကိန်းဝင် ကျေးရွာပေါင်း ၁၁၀ တွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ရာ အခြားကျေးရွာများသို့လည်း စီမံကိန်းစိတ်ဓာတ်ပြန့်ပွားစေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်လိုသော အခြေခံစိတ်ဓာတ်ကောင်းများ၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ရှိလာစေရန်နှင့် လယ်ယာကဏ္ဍ၊ စီးပွားရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ရန်၊ နှစ်နိုင်ငံ ရေရှည်ပူးပေါင်းဆောင်ရွက်သွားရန်တို့ကိုလည်း မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ် သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၌ ဖွင့်လှစ်ခဲ့သော အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက “အခုသင်တန်းမှာရရှိခဲ့တဲ့ နည်းပညာရပ်တွေအပြင် ပွင့်လင်းမြင်သာတဲ့ သင်ကြားရေးတွေ ပြုလုပ်ခွင့်ရရှိခဲ့တဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေမယ့် နည်းလမ်းများပိုမိုရရှိရေး ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်”ဟု အမှာစကားပြောကြားသည်။ သင်တန်းဆင်းပွဲတွင် စင်ကာပူနှင့် အာဆီယံဒေသတွင်း မြို့ပြကာကွယ်ရေးအကြံပေး ပြင်သစ်နည်းပြတစ်ဦးဖြစ်သူ Mr.Eric Peuch ကလည်း အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန်အတွက် ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်နည်းပြများက အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ သင်ကြားပေးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဘေးအန္တရာယ်ဖြစ်စဉ်များ ရင်ဆိုင်ကြုံတွေ့ပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ ကယ်ဆယ်ရေး၊ နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းထားမှု၊ နိုင်ငံတကာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော သဘာဝဘေးစီမံခန့်ခွဲမှု၊ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ စသည်တို့အပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်ငါးခုဖြစ်သော Wide Area Assessment ပြုလုပ်ခြင်း၊ Sector Assessment ပြုလုပ်ခြင်း၊ Rapid Search & Rescue ပြုလုပ်ခြင်း၊ Full Search & Rescue ပြုလုပ်ခြင်းနှင့် Total Coverage Search & Recover ပြုလုပ်ခြင်း စသော လုပ်ငန်းစဉ်များကိုလည်း ပို့ချခဲ့ကြောင်းသိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုကာကွယ်ရေး ပုဗ္ဗသီရိမြို့နယ်၌ ပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် လူကုန်ကူးခြင်း၊ လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများကို သိရှိစေရန်အတွက် ပညာပေးဟောပြောပွဲကို စက်တင်ဘာ နောက်ဆုံးပတ်အတွင်းက ဇဝနဒီပရပ်ကွက် ဓမ္မာရုံ၌ပြုလုပ်ခဲ့ပြီး ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်အောင်က အသိပညာပေး ဟောပြောခဲ့သည်။

**ကိုကိုရှူပ(နေပြည်တော်)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

အောက်တိုဘာ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ တွင်ပါရှိသည့် နေပြည်တော်တွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းနည်းစနစ်များဖြင့် ဧက ၁၀၀ စံပြကွက်များ ပြုလုပ်နေသတင်း၏ ဒုတိယကော်လံတွင် ပါရှိသည့် နိုက်ထရိုဂျင် ၁၀ ရာခိုင်နှုန်း၊ ဖော့ဖောရပ် ၁၀ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၅ ရာခိုင်နှုန်းအစား နိုက်ထရိုဂျင် ၁၅ ရာခိုင်နှုန်း၊ ဖော့ဖောရပ် ၁၅ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁၅ ရာခိုင်နှုန်း ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာရေးသူ**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၈၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၅/၁၀၈၅ ကျပ် | ၁၁၁၅/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၅၅/၁၁၀၀ ကျပ် | ၁၁၃၀/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅/၁၀၅၅ ကျပ် | ၁၁၁၅/၁၁၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၆၅/၁၁၀၅ ကျပ် | ၁၁၆၅/၁၁၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၈ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၆ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၂၄ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၇ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၂၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၁၁၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm


HTOO






သက်စ
ဇော်နီ
ပုရွက်ဆိတ် သဘာဝကို လေ့လာချင်လို့ မွေးထားတယ်၊
သူတို့ အသိုက်ဆောက်တာ အစာရှာတာတွေ အေးအေးဆေးဆေး ကြည့်လို့ရတာပေါ့...
မှန်ပုံးလေးထဲမှာ သဲတွေမြေကြီးတွေ ထည့်ပြီး မြက်နဲ့ အပင်လေးတွေ စိုက်ပေးထားတယ်...
ရေအသင့်၊ မီးအသင့်.. ဟုတ်ပေါင်... စားစရာအသင့်.. ကိတ်မုန့် သကြား သားငါး အစုံထည့် ပေးထားတယ်...
အသိုက် ဆောက်ရောလား၊
မဆောက်ဘူး၊ ငါပေးတဲ့ ရိက္ခာတွေ အကုန်သယ်ပြေး သွားလေရဲ့...
ကောင်းတယ်၊ မွေးချင်ဦး...
ဒါပေမယ့်၊ ငါ ဆောက်လုပ်ရေး ဒီဇိုင်းတစ်ခု ချမှတ်အကောင် အထည်ဖော်လိုက်တယ်၊
အခု မပြေးကြတော့ဘူး၊ ကြည့်!
ရေပတ်လည်ဝိုင်းနေတာကိုး၊
ငြိမ်း


ဘယ်ကျော်
သုခ
မနေ့ကအိမ်စာ ပေးလိုက်တဲ့အပေါင်းပုစ္ဆာ ဘယ်သူတွက်ခဲ့ကြသလဲ ကလေးတို့...
သား တွက်ခဲ့ တယ် ဆရာမ...
ဘယ်ကျော်က တယ်တော်ပါလား...
အဖြေမှန်၊ မမှန် သိရအောင် နောက် ထပ်တစ်ခါရော...ပေါင်းကြည့်ခဲ့ရဲ့ လား...
ဟုတ်ကဲ့... ပေါင်းကြည့်ခဲ့ပါတယ် ဆရာမ...
ကဲ... အဖြေ ဘယ်လောက်ရသလဲ။ ပြောပါဦးကွယ်...
ပထမအဖြေကို ပြောရမှာလား... ဒုတိယအဖြေကို ပြောရမှာလား... ဆရာမ...


CARTOONS
ပေါ်ကာ
တောက်တောက်
တောက်တောက် မင်းကိုငါ မျက်လှည့် ပြမယ် ဒီမှာကြည့်
တစ် နှစ် သုံး
ဖွတ်
ဟာ မရှိတော့ ဘူးဟ
ပြီး ဖိုက်တယ် ငါ့ကိုသင်ပေးကွာ
OK
ဆိုနောက်
အိလေးနင့်ကိုငါ မျက်လှည့်ပြမယ် ဒီမှာကြည့်
တစ် နှစ် သုံး
ဟယ်
ဖွတ်
ဒုန်း
အား
ငါ့ကိုဂေါ်ကီသီးနဲ့ပစ်တာ ဘယ်သူတုန်း တွေ့မယ်ကွ
ဖိုက် ပြေး
နား

# လျှင်အန္တရာယ် ထိခိုက်မှုလျှော့ပါးရေး ကြိုတင်ကာကွယ်ကြပါစို့ . . .

**မင်းသစ် (MNA)**

မြန်မာနိုင်ငံ၌ လျှင်ဒဏ် ခံနိုင်မှုရှိစေရန် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ၂၀၁၂ ခုနှစ်က ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံအမျိုးသား အဆောက်အအုံဆိုင်ရာ စံနှုန်းများအပေါ် လိုက်နာမှုအားနည်းနေသေးကြောင်း မြန်မာနိုင်ငံ လျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောသည်။

"စံနှုန်းတွေနဲ့အညီ အဆောက်အအုံတွေ ဆောက်လုပ်တာ အခုချိန်ထိ တိတိကျကျ လိုက်နာလာတာမျိုး မရှိသေးဘူး။ ရှိပြီးသား အဆောက်အအုံတွေကလည်း လျှင်ဒဏ်ခံနိုင်ရည် ရှိသလားဆိုတာ မြန်မာနိုင်ငံ အမျိုးသားအဆောက်အအုံဆိုင်ရာစံနှုန်းတွေကြည့်ပြီး ပြန်လည် မွမ်းမံဖို့လိုပါတယ်။ လျှင်ကြောင့် လူကိုသေစေတာ မဟုတ်ဘူး။ အဆောက်အအုံတွေကြောင့်သာ လူကိုသေစေတာ။ ကိုယ်နေထိုင်တဲ့ အဆောက်အအုံတွေက လျှင်ဒဏ် ခံနိုင်ရည် ရှိ မရှိ သိထားဖို့လိုတယ်" ဟု ၎င်းကပြောသည်။

### ထိခိုက်ဆုံးရှုံးနိုင်ခြေ အဆင့် ၄၂

ကမ္ဘာ့နိုင်ငံပေါင်း ၁၇၁ နိုင်ငံအနက် မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အဆင့် ၄၂ တွင်ရှိပြီး ဘေးအန္တရာယ်များအတွက် အဆင်သင့်ဖြစ်မှု အနေအထားတွင် အနိမ့်ဆုံး ၁၅ နိုင်ငံတွင် ပါဝင်နေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ လျှင်သတင်းထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်း၌ လျှင် ၆၉ ကြိမ်နှင့် ရန်ကုန်မြို့အောက်ဘက် အက်ဒမန်ပင်လယ်အတွင်း တစ်ကြိမ် စုစုပေါင်း လျှင်အကြိမ် ၇၀ လှုပ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် တွင် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာလအထိ စုစုပေါင်း ၁၃၁ ကြိမ်အထိ လှုပ်မှုရှိခဲ့ကြောင်း မြေငလျင်ဌာနခွဲမှ သိရသည်။

၂၀၁၇ ခုနှစ် တစ်နှစ်လုံးလှုပ်ခဲ့သည့် လျှင်အကြိမ်ရေနှင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာလအထိလှုပ်ခဲ့သည့် လျှင်အကြိမ်ရေ နှိုင်းယှဉ်ကြည့်ရင် ယခုနှစ်တွင် နှစ်ဆနီးပါးများလာသည်။ ယခုနှစ်တွင် လှုပ်ခဲ့သည့် လျှင်များထဲတွင် ဖြူးမြို့အနီး မဂ္ဂနီကျူ ၆ ဒသမ ၀ ဖြင့် လှုပ်ခဲ့သည့် လျှင်သည် အင်အားအပြင်းဆုံးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင် ဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးထွေးက "ဥပမာအနေနဲ့ ၂၀၁၈ ခုနှစ်ထဲမှာ လှုပ်ခဲ့တဲ့ ဖြူးလျှင်ဆိုရင် မဂ္ဂနီကျူ ၆ ဒသမ ၀ ရှိတယ်။ မြေအောက်အနက်က တိမ်တယ်။ ဒီလိုမျိုး လျှင်လှုပ်တဲ့ အခါမျိုးမှာဆိုရင် နောက်ဆက်တွဲ လျှင်ငယ်လေးတွေ လှုပ်တာမျိုးရှိတယ်။ ဒီအတွက် လျှင်လှုပ်တဲ့ အကြိမ်နှုန်း အဲဒီနေရာမှာ ပိုများလာတာ တွေ့ရှိရတယ်။ များသောအားဖြင့်တော့ မြန်မာနိုင်ငံရဲ့အနောက်မြောက်ပိုင်းမှာ မြေထုချပ်ပွတ်တိုက်မှုကြောင့် ဖြစ်တဲ့လျှင်က ပိုများတယ်။ အဲဒီဘက်မှာတော့ လတိုင်းလိုလို လှုပ်တာရှိတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် မကျရောက်မီနှင့် ကျရောက်ချိန်တွင် တုံ့ပြန်နိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အဆင့် ဌာနဆိုင်ရာများနှင့် NGO များအပါအဝင် အဆင့်ဆင့်အထိ ဖွဲ့စည်းထားပြီး လျှင်ကျရောက်ပါက တုံ့ပြန်နိုင်ရန် အသိပညာပေးမှုများ ဆောင်ရွက်နေသော်လည်း စစ်ကိုင်းပြတ်ရွေ့တစ်လျှောက်တွင်ရှိသည့် လူဦးရေ အချိုးနှင့် နှိုင်းယှဉ်ကြည့်ပါက ကနဦးအဆင့်တွင်သာ ရှိနေသေးပြီး ဆက်လက်လုပ်ဆောင်ရဦးမည် ဟုလည်း မြန်မာနိုင်ငံ လျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်က ဆိုသည်။



ရန်ကုန်မြို့ အ ထ က (၁) ကြည့်မြင်တိုင်၌ စက်တင်ဘာ ၂၆ ရက်က လျှင်အန္တရာယ် ထိခိုက်မှု လျှော့ပါးရေး ကျောင်းသား ကျောင်းသူများ ဇာတ်တိုက် လေ့ကျင့်နေကြစဉ်။ ဓာတ်ပုံ- ဘော်ဂါသွေး

**"မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် မကျရောက်မီနှင့် ကျရောက်ချိန်တွင် တုံ့ပြန်နိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အဆင့် ဌာနဆိုင်ရာများနှင့် NGO များအပါအဝင် အဆင့်ဆင့်အထိ ဖွဲ့စည်းထားပြီး လျှင်ကျရောက်ပါက တုံ့ပြန်နိုင်ရန် အသိပညာပေးမှုများ ဆောင်ရွက်နေသော်လည်း စစ်ကိုင်းပြတ်ရွေ့တစ်လျှောက်တွင်ရှိသည့် လူဦးရေ အချိုးနှင့် နှိုင်းယှဉ်ကြည့်ပါက ကနဦးအဆင့်တွင်သာ ရှိနေသေးပြီး ဆက်လက်လုပ်ဆောင်ရဦးမည်"**

မြန်မာနိုင်ငံ၌ လှုပ်ခဲ့သည့် လျှင်ကြီးများတွင် ၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့၌ လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ လျှင်သည် ၁၉၄၆ ခုနှစ်က စစ်ကိုင်းပြတ်ရွေ့အပိုင်းမှ တကောင်းမြို့အနီး လှုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ အကြာ သပိတ်ကျင်းမြို့အနီးတွင် ပြန်လည်လှုပ်ခဲ့ခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ လျှင်ကော်မတီမှ သိရသည်။

### စစ်ကိုင်းပြတ်ရွေ့

"ပြတ်ရွေ့အသီးသီးက နောက်တစ်ကြိမ် လျှင်ပြန်လှုပ်ဖို့ ကြာချိန်လေးတွေ ခန့်မှန်းလို့ရတယ်။ ခန့်မှန်းလို့ရတာက အတိတ်ကလှုပ်ပြီးခဲ့တဲ့ လျှင်တွေကနေလည်းကောင်း၊ ပြတ်ရွေ့တွေရဲ့ ရွေ့နှုန်းကနေ လည်းကောင်း ခန့်မှန်းလို့ရတယ်။ ခန့်မှန်းတဲ့အခါကျတော့ စစ်ကိုင်းပြတ်ရွေ့ကနေပြီးတော့ အပိုင်းအသီးသီးက ပြင်းအား ၇ အထက် ကြာချိန်ဆိုရင် နှစ် ၈၀ ကျော်မှာ ပြန်ပြန်ပြီး လှုပ်လေ့ရှိတယ်၊ လှုပ်နိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်တွေရှိတယ်။ စစ်ကိုင်းပြတ်ရွေ့ကဆိုရင် ၂၀၁၂ သပိတ်ကျင်း လျှင်လှုပ်တဲ့ အပိုင်းကလွဲလို့ ကျန်တဲ့ အပိုင်းတွေကတော့ ပြင်းအား ၇ ဝန်းကျင်နဲ့ အထက်လှုပ်ခဲ့မယ်ဆိုရင် လှုပ်ဖို့ရာ အခွင့်အလမ်းများတယ်" ဟု မြန်မာနိုင်ငံ လျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောသည်။

လျှင်ကြီးများ လှုပ်ပြီးနောက် နောက်ဆက်တွဲ ဘေးအန္တရာယ်များအဖြစ် နောက်ဆက်တွဲလျှင်များ၊ မြို့ပြမီးဘေးအန္တရာယ်များ၊ ရေကာတာများကျိုးပျက်၍ ရေကြီးခြင်းများ၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းများ၊ ရွှံ့မီးတောင်များ ပေါက်ကွဲပန်းထွက်ခြင်းများ၊ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်၍ သတိထားရန် လိုအပ်ကြောင်း လျှင်ပညာရှင်များက ပြောသည်။

မြန်မာနိုင်ငံတွင် ထိုးစိုက်ဇုန်မှ လှုပ်ခဲ့သည့် လျှင်များအနေဖြင့် ၁၇၆၂ ခုနှစ်တွင် ရခိုင်ကမ်းလွန်ဒေသတွင် လှုပ်ခဲ့သည့် လျှင်နှင့် ၂၀၁၆ ခုနှစ်တွင် ချောက်မြို့အနီး ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ လျှင်တို့ဖြစ်ကြောင်း လျှင်မှတ်တမ်းများအရ သိရသည်။

### လျှင်အတွက် ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံ လျှင်ကော်မတီ နာယက ဒေါ်လှလှအောင်က "မြန်မာနိုင်ငံမှာ အခုလှုပ်သလောက်ကတော့ ကုန်းတွင်းပိုင်းကိုပဲ လှုပ်နေတယ်။ ၁၇၆၂ ခုနှစ်တုန်းက ရခိုင်ကမ်းလွန်ဒေသမှာ လှုပ်ခဲ့ဖူးတယ်ဆိုတဲ့ မှတ်တမ်းတွေရှိတယ်။ ရခိုင်ကမ်းလွန်ဘယ်နေရာလဲဆိုတာကတော့ သေသေချာချာ မပြောခဲ့ဘူး။ အိန္ဒိယနိုင်ငံက ပညာရှင်တွေ မှတ်တမ်းပြုစုထားတာ။ အဲဒီလျှင်ကြောင့် ဆူနာမီ ဖြစ်ခဲ့တယ်ဆိုတာ ရေးသားထားတာတွေ့တယ်။ မြန်မာနိုင်ငံမှာ ဖြစ်နိုင်သလားဆိုတဲ့အခါကျတော့ ဖြစ်ဖို့အနေအထားက နည်းပါးပါတယ်။ ဖြစ်ဖို့ အလားလာကိုလည်း အခုဆို စောင့်ကြည့်နေတယ်။ သို့သော်လည်းပဲ ခဏခဏပြောခဲ့သလို လျှင်ဆိုတာက ကြိုတင်ခန့်မှန်းပြီး လှုပ်မယ် မလှုပ်ဘူး ဆိုတဲ့ ပြတ်သားတဲ့အဖြေ ပြောဖို့ခက်တယ်။ ကြိုတင်ခန့်မှန်းဖို့ ခက်ပါတယ်။ ကုန်းတွင်းမှာပဲဖြစ်စေ၊ ထိုးစိုက်ဇုန်မှာပဲဖြစ်စေ လျှင်ဆိုတာ ခန့်မှန်းလို့မရဘူး။ သို့သော် လျှင်လှုပ်မယ်ဆိုရင်တော့ ကြိုတင်ပြင်ဆင်ခြင်းတွေ လုပ်ဖို့လိုတယ် ဆိုတာတော့ ခဏခဏပြောပါတယ်"ဟု ပြောသည်။

### လျှင်ကြီးလှုပ်က ဆူနာမီဖြစ်တတ်

ပင်လယ်ကမ်းခြေတွင် နေထိုင်သူများအနေဖြင့်လည်း လျှင်ကြီး လှုပ်ခတ်ပါက ဆူနာမီဖြစ်တတ်၍ သတိထားရန်လိုအပ်ကြောင်း၊ ဆူနာမီမဖြစ်မီ ပင်လယ်ရေသည် ကမ်းခြေမှ တော်တော်ဝေးဝေး ဆုတ်သွားသည့် လက္ခဏာများ ရှိကြောင်း၊ ၂၀၀၄ ခုနှစ် ဆူနာမီလျှင်တွင် ပင်လယ်ကမ်းစပ်တွင် ရှိနေသူများက ပင်လယ်ရေဆုတ်သွားသည်ကို ပြေးကြည့်ရာမှ ဆူနာမီတွင် ပါသွားသည့်ဖြစ်စဉ်များ ရှိခဲ့ကြောင်း ဒေါ်လှလှအောင်က သတိပေးပြောကြားသည်။

လူဦးရေ ထူထပ်ပြီး အထပ်မြင့် အဆောက်အအုံများပေါများသည့် ရန်ကုန်မြို့သည် စစ်ကိုင်းပြတ်ရွေ့နှင့် ကီလိုမီတာ ၃၀ ခန့် အကွာတွင် ရှိနေသည့်အတွက် လျှင်အန္တရာယ်နှင့် ပတ်သက်ပြီး သတိထားရန်လိုအပ်ကြောင်း၊ ၁၉၃၀ ပြည့်နှစ်တွင် ပြင်းအား ၇ ဒသမ ၃ ရှိ ပဲခူးလျှင် လှုပ်ခတ်မှုကြောင့် ရန်ကုန်မြို့တွင် လူ ၅၀ သေဆုံးခဲ့ပြီး အဆောက်အအုံများလည်း ပျက်စီးမှုရှိခဲ့ကြောင်း လျှင်မှတ်တမ်းများအရ သိရသည်။

"ရန်ကုန်မြို့က စစ်ကိုင်းပြတ်ရွေ့နဲ့ နီးတယ်။ တစ်မြို့လုံးနဲ့ ခြုံကြည့်မယ်ဆိုရင် အလယ်ကောင် အပိုင်းလောက်ပဲ အန္တရာယ် နည်းလိမ့်မယ်။ ရန်ကုန်မြို့ရဲ့ အနောက်ဘက်ခြမ်းနဲ့ အရှေ့ဘက်ခြမ်းက အန္တရာယ်များတဲ့ ဘက်ရှိတယ်။ မြေသားအမျိုးအစားလည်း တချို့နေရာတွေမှာ ပျော့တဲ့ညံ့တဲ့ အပိုင်းတွေ ရှိနေတယ်။ အခုဆို လူဦးရေက ရန်ကုန်မြို့မှာ ၅ သန်းဝန်းကျင်လောက်ရှိနေပြီ။ အဆောက်အအုံတွေကလည်း များလာတဲ့အတွက် ၁၉၃၀ ပြည့်နှစ်က ပဲခူးလျှင်လိုမျိုး ၇ ဒသမ ၃ အထက် လှုပ်ခဲ့မယ်ဆိုရင် အဆပေါင်း မြောက်မြားစွာ ပျက်စီးဆုံးရှုံးနိုင်တယ်" ဟု ဒေါက်တာမျိုးသန့်က သုံးသပ်ပြောကြားသည်။

ထပ်မံ၍ ၎င်းက "ကျန်တဲ့ဘေးတွေက ကြိုတင်ပြင်ဆင်လို့ရတယ်။ ကြိုတင်ပြင်တယ်ဆိုတာ ဘေးလွတ်ရာကို ရွှေ့လို့ရတယ်။ လျှင်ကတော့ အဲဒီလိုမဟုတ်ဘူး။ ကြိုတင်လည်း မသိနိုင်ဘူး။ လျှင်အသေးလေးတွေက ခဏခဏ လှုပ်နေသော်လည်း လျှင်ကြီးတွေက အချိန်အကြာကြီးနေမှ ဆတ်ခနဲ ဆတ်ခနဲ လှုပ်တဲ့အတွက်ကြောင့် ပြင်းအားကြီးလာတာနဲ့အမျှ ပျက်စီးဆုံးရှုံးမှုလည်း ပိုပြီးများလာနိုင်တယ်။ ကျန်တဲ့ သဘာဝဘေးတွေနဲ့ မတူတာက လူ့အသက်တွေတင် မဟုတ်ဘဲနဲ့ စီးပွားရေးဆိုင်ရာ အဆောက်အအုံ ဆုံးရှုံးမှု ထုနဲ့ထည်နဲ့ ဆုံးရှုံးမှုပိုပြီး ဖြစ်ပွားစေတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံသည် ပြတ်ရွေ့ကြောများပေါ်တွင် တည်ရှိသောနိုင်ငံဖြစ်သည့် အလျောက် လျှင် သဘာဝ ဘေးအန္တရာယ်နှင့်လည်း မကြာခဏ ကြုံတွေ့ခဲ့ရသည်။

### ဖြစ်ပေါ်ခဲ့ဖူးသော လျှင်ကြီးများ

၁၃၃၉ ခုနှစ်က ရစ်ချ်တာစကေး ၈ ဒသမ ၀ ခန့်ရှိ အင်းဝ လျှင်၊ ၁၈၅၈ ခုနှစ်က ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ သရက် လျှင်၊ ၁၉၃၀ ပြည့်နှစ်က ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိ ပဲခူးလျှင်၊ ၁၉၃၀ ပြည့်နှစ်က ရစ်ချ်တာ စကေး ၇ ဒသမ ၃ ခန့်ရှိ ဖြူး လျှင်၊ ၁၉၄၆ ခုနှစ်က ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ တကောင်း လျှင်၊ ၁၉၅၆ ခုနှစ်က ရစ်ချ်တာစကေး ၆ ဒသမ ၅ ခန့်ရှိ စစ်ကိုင်း လျှင်၊ ၁၉၇၅ ခုနှစ်က ရစ်ချ်တာစကေး ၆ ဒသမ ၈ ခန့်ရှိ ပုဂံမြို့ လျှင်၊ ၁၉၉၁ ခုနှစ်က ရစ်ချ်တာစကေး ၇ ဒသမ ၁ ခန့်ရှိ တကောင်း လျှင်၊ ၂၀၀၃ ခုနှစ်က ရစ်ချ်တာစကေး ၆ ဒသမ ၇ ခန့်ရှိ တောင်တွင်းကြီး လျှင်၊ ၂၀၁၁ ခုနှစ်က ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ တာလေ လျှင်၊ ၂၀၁၂ ခုနှစ်က ရစ်ချ်တာ စကေး ၆ ဒသမ ၈ ရှိ သပိတ်ကျင်း လျှင်၊ ၂၀၁၆ ခုနှစ်က ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ချောက် လျှင်၊ ၂၀၁၇ ခုနှစ်က ရစ်ချ်တာ စကေး ၅ ဒသမ ၈ ရှိ တိုက်ကြီး လျှင်နှင့် ယခုနှစ်တွင် ရစ်ချ်တာ စကေး ၆ ဒသမ ၀ ရှိ ဖြူးလျှင်ကြီးများသည် လျှင်ကြီးများ ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။




---

## သုံးခွမြို့နယ် နန်းခလဲစံပြကျေးရွာ၌ ဦးဥတ္တမလမ်းအား ဆုရရှိငွေဖြင့် ကွန်ကရစ်လမ်းခင်း

**သုံးခွ အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ ကူညီ ထောက်ပံ့မှုဖြင့် မြန်မာဆယ်မာအူးလ်အွန်ဒုန် SMUကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နန်းခလဲစံပြကျေးရွာ၌ ပြည်သူများသွားလာရေးအဆင်ပြေစေရန် ဦးဥတ္တမလမ်း လက်ရှိကွန်ကရစ်လမ်းအရှည်ပေ ၃၂၀၀၊ အကျယ် ၈ ပေရှိ ကွန်ကရစ်လမ်းကို လမ်းတစ်ဖက်သုံးပေ၊ နှစ်ဖက်စုစုပေါင်းခြောက်ပေအကျယ် တိုးချဲ့ခြင်းလုပ်ငန်းကို ကျေးရွာ SMU ဥက္ကဋ္ဌ ဦးတင်လင်းနှင့် ကော်မတီဝင်များကဦးဆောင်၍ စက်တင်ဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါလမ်းကို စီမံကိန်းဒုတိယနှစ်တွင် ထူးချွန်ကျေးရွာအဖြစ် ရွေးချယ်ခံရမှုမှ ရရှိသောဆုငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် ပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများက အလှူငွေသာမက လုပ်အားဒါန၊ အာဟာရဒါနပါ လှူဒါန်းပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အဆောက်အအုံဟောင်း(1)Lot ကိုဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂အီး၁)၊ မြေကွက်အမှတ် ၄၂၁ဒီ/၆ အေ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ရပ်ကွက်ရှိ မြေဧရိယာ(ဝ.ဒသမ ၂၇၀)ဧကပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်း (1)Lot ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃-၁၀-၂၀၁၈ရက်မှ ၃၁-၁၀-၂၀၁၈ ရက်အထိ ရုံးဖွင့်ချိန် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/- နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၃၁-၁၀-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးရုံး
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉

**အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးရုံး
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လိုသည့် ကုမ္ပဏီများအား တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ရန်ရှိသည့် ပဲခူးတိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာအသီးသီး၏ လုပ်ငန်းအမျိုးမျိုးအား အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် ကုမ္ပဏီ Profileနှင့်တကွ ဝန်ထမ်းအင်အားစာရင်း၊ ကုမ္ပဏီမှ အထူးကျွမ်းကျင်မှုရှိပြီး ဦးစားပေးဆောင်ရွက်လိုသည့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများကို ဖော်ပြလျက် တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာနသို့ (၁၀-၁၀-၂၀၁၈)ရက်မှစ၍ ၂၉-၁၀-၂၀၁၈ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၂၂၂၁၂၂၀၊ ၂၂၂၁၅၂၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေများဖြင့် တောင်ကြီးခရိုင်နှင့် မြို့နယ်ဥပဒေရုံး အဆောက်အအုံ RC ၂ ထပ် ၁လုံး၊ တောင်ကြီးခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများနေအိမ် RC ၃ခန်းတွဲ ၁ထပ် ၁လုံး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးအဆောက်အအုံ RC ၁ထပ် ၁လုံး ခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အဝီစိတွင်းတူးခြင်းလုပ်ငန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးအဆောက်အအုံ RC ၁ထပ် ၁လုံး ခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အဝီစိတွင်းတူးခြင်းလုပ်ငန်း၊ ရပ်စောက်မြို့နယ် ဥပဒေရုံး ခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အဝီစိတွင်းတူးခြင်းလုပ်ငန်းများနှင့် မိတ္တူကူးစက် ၁၀လုံး ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် တင်ဒါတင်သွင်းရန် ကြော်ငြာအပ်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်နေ့** - ၁၀-၁၀-၂၀၁၈
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့** - ၃၁-၁၀-၂၀၁၈
(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူခြင်းနှင့် တင်ဒါတင်သွင်းမည့်နေရာ** - ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး တောင်ကြီးမြို့

**တင်ဒါခေါ်ယူရေးကော်မတီ**
**ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ တောင်ကြီးမြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ (H.S.D)၊ ပရီမီယမ်ဒီဇယ်ဆီ (P.H.S.D)၊ ဓာတ်ဆီ (Octane-92) နှင့် Polypropylene Rope တို့ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၆-၁၁-၂၀၁၈ ရက် ၁၃း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၈-၁၀-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်- ၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရွှေမှုံကိုက်လေလံကြော်ငြာ

ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် ကပ်လှူထားသော ရွှေသက်န်းဟောင်းများကို လက်ရှိမျက်မြင်အခြေအနေအတိုင်း လေလံစနစ်ဖြင့် ဈေးပြိုင်ချထားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားလုပ်ကိုင်လိုသူများအနေဖြင့် လေလံစည်းကမ်းချက်ပုံစံ တစ်စောင်လျှင် (ကျပ်တစ်သောင်းတိတိ)ဖြင့် ဂေါပကအဖွဲ့ရုံးတွင် ၁၆-၁၀-၂၀၁၈ ရက်မှစတင်၍ လေလံပုံစံများကို ဝယ်ယူတင်သွင်းနိုင်ကြပါသည်။

လေလံရက်မှာ ၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်၊ ၃-၁၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁း၀၀ နာရီတိတိဖြစ်ပါသည်။ လေလံပုံစံများကို ၂-၁၁-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီအထိ လက်ခံပါမည်။ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၀၄၂-၂၄၂၇၇ နှင့် ဖုန်း-၀၉-၇၈၉၃၉၀၃၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး**
**ဂေါပကအဖွဲ့၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်နှင့် လမ်းအထူးအဖွဲ့(၉) လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ) ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါအမှတ်** | - | **အမှတ်စဉ်(၁)(၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်)** |
| ၁။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** | - | ၂၂-၁၀-၂၀၁၈ ရက်မှ ၆-၁၁-၂၀၁၈ ရက်အထိ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ ရုံးချိန်အတွင်း |
| ၂။ **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့ ဖုန်း-၀၈၆-၅၅၄၀၇/ ၀၉-၄၂၄၄၅၇၆၇၈ |
| ၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၇-၁၁-၂၀၁၈ ရက်၊ ၁၆း၃၀ နာရီ |
| ၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၈-၁၁-၂၀၁၈ ရက်၊ ၀၉း၀၀ နာရီ |
| ၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့ |

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြင်ဆင်မှုကို ချိန်းဆိုသည့်ရက်ကို ပြင်ဆင်လျှောက်ထားခံရသူများသို့
## ကြားသိစေသည့် အကြောင်းကြားစာ
### စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
### မုံရွာမြို့
### ၂၀၁၇ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၁၂၈

ဒေါ်နီနီဝင်း(ခ)ဒေါ်ရီရီဝင်း **နှင့်** ၁။ ဦးညွန့်ဝင်း ၂။ ဦးကျော်နိုင်ဝင်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ရက်စွဲပါ ရွှေဘိုခရိုင်တရားရုံး၏ တရားမပြင်ဆင်မှုအမှတ် ၂၇/၂၀၁၇ အမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းမြို့နယ်ခွဲ၊ အုန်းပေါက်ကျေးရွာအုပ်စု၊ မောင်းတကျ်ရွာနေ အမှတ်(၁) လျှောက်ထားခံရသူ ဦးညွန့်ဝင်း (ဘ)ဦးကုလားကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရွှေဘိုခရိုင်တရားရုံးတော်မှ ချမှတ်ပေးထားသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ကျော်ခိုင်ဦး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

## ဝင်ချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ဘားအံမြို့နယ်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၄

မဆုမြတ်ကျော် **နှင့်** မောင်သုနောင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မ)ရပ်ကွက်၊ အိမ်အမှတ် (၅၇/ခ)၊ (၁၅/န)လမ်းနေ တရားပြိုင် မောင်သုနောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဆုမြတ်ကျော်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ဝင်ချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောအောင်ထူး)**
**မြို့နယ်တရားသူကြီး**
**ဘားအံမြို့နယ်တရားရုံး**

## အောင်လံဆရာတော် အသျှင်စန္ဒိမာ၏
## ယောဂီအသစ်များအတွက် အထူးတရားစခန်း (အောက်တိုဘာလ)
## ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသော ပဟေဠိများကို ဖွင့်ဆိုခြင်းကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ (အောင်လံ)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် ယောဂီအသစ်များအတွက် ၁၀ ရက် အဓိဋ္ဌာန် အထူးတရားစခန်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသောယောဂီများသည် ၉-၁၀-၂၀၁၈ ရက် နံနက် ၈း၀၀ နာရီတွင် ရဟန်းနှင့်အမျိုးသားယောဂီများအတွက် ဖုန်း-၀၉-၄၄၄၄၃၆၀၇၀ နှင့် ၀၉-၄၄၄၄၃၆၀၉၉ များသို့လည်းကောင်း၊ သီလရှင်နှင့် အမျိုးသမီးယောဂီများအတွက် ဖုန်း-၀၉-၇၈၂၂၁၁၆၆၇၊ ၀၉-၂၅၂၂၅၅၈၄၅ နှင့် ၀၉-၇၉၈၇၂၁၉၂၀ များသို့လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းမှ ယောဂီများဝင်ခွင့်မပြုပါ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယောဂီများသာ ဝင်ခွင့်ပြုပါမည်။ အထက်ဖော်ပြပါနယ်ယောဂီများအတွက် ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့နယ်နှင့် မြိတ်မြို့နယ်များအတွက် သတ်မှတ်ပေးထားသော ပုဂ္ဂိုလ်များမှ ယောဂီဦးရေစာရင်းများအတိုင်း လက်ခံပေးပါမည်။ ထို့အပြင် တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ပြင်ပသာသနာပြုအဖွဲ့ခွဲများ၏ အလုပ်ပေးတရားစခန်းတွင် သေချာစွာလေ့ကျင့်ပေးထားသော ယောဂီများအား လက်ခံပေးပါမည်။

ရန်ကုန်တရားစခန်းပွဲတိုင်းတွင် ပြည်တွင်းယောဂီများအားလုံး အိမ်ထောင်စုစာရင်းပုံစံ-၁၀ မိတ္တူ (သို့မဟုတ်) ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာတစ်ခုခုနှင့် မှတ်ပုံတင်မူရင်းပါမှသာလျှင် ယောဂီအဖြစ် လက်ခံပေးပါမည်။

ဖုန်းဖြင့် ဆက်သွယ်၍ တိုကင်နံပါတ်ရရှိပြီးသော ရန်ကုန်ယောဂီများသည် လူတွေ့စစ်ဆေးခြင်းအတွက် ၁၁-၁၀-၂၀၁၈ ရက် နံနက် ၈း၀၀ နာရီ လူကိုယ်တိုင် ရန်ကုန်ရိပ်သာကြီးသို့ လာရောက်ရမည်ဖြစ်ပါသည်။

**တရားစခန်းဝင်ရမည့်နေ့ရက်/အချိန်** - ၁၉-၁၀-၂၀၁၈ ရက် နံနက်၉း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ နာရီအထိ
**တရားစခန်းပြန်ထွက်ရမည့်နေ့ရက်/အချိန်** - ၃၀-၁၀-၂၀၁၈ ရက် နံနက် ၇း၀၀ နာရီ

**မှတ်ချက်။** ။ နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများအတွက် ဦးရေ ၅၀နှင့် ပြည်တွင်းယောဂီများအတွက် ဦးရေ ၄၀၀ သာ လက်ခံပါမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။
- **တင်ပျဉ်ခွေမထိုင်နိုင်သူ လက်မခံပါ။**
- အရိုးကျိုးထားသူ/စတီးချောင်းထည့်ထားသူများ လက်မခံပါ။
- **အသက် (၁၅)နှစ်အောက်နှင့် အသက် (၇၀)အထက် လက်မခံပါ။**
- စာရင်းလာသွင်းပြီး မဝင်ဖြစ်ပါက တရားပွဲမတိုင်မီ ဖုန်း-၀၉-၅၁၇၇၈၂၅၊ ၀၉-၄၅၀၀၁၁၉၄၇ သို့ ဖုန်းဆက်၍ အကြောင်းကြားပါ။
- အကြောင်းမကြားဘဲ ပျက်ကွက်ပါက နောင်တွင် လုံးဝဝင်ခွင့်ပြုမည်မဟုတ်ပါ။

## တိပိဋကဓမ္မရက္ခိတအဖွဲ့မှ
## တိပိဋကစာမေးပွဲ စာပြန်/စာဖြေသံဃာတော်များအား
## ပင့်လျှောက်ထားခြင်းနှင့် ဆွမ်းအလှူရှင်များသို့ နှိုးဆော်ခြင်း

(၇၁)ကြိမ်မြောက် တိပိဋကစာမေးပွဲကြီးသို့ ဝင်ရောက်စာပြန်/စာဖြေတော်မူကြမည့် သာသနာ့အာဇာနည်သံဃာတော်အရှင်သူမြတ်များအား ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ် (၁၅)ရှိ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်ကြီးသို့ (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်မှ ၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၉ ရက်) (၃၁-၁၀-၂၀၁၈ ရက်ညမှ ၂၉-၁-၂၀၁၉ရက်)ထိ ကြွရောက်သီတင်းသုံးနိုင်ရန် ပင့်လျှောက်စာများကို စာတိုက်မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပါကြောင်း ပင့်စာအချိန်မီ မရောက်ရှိပါကလည်း ကြွရောက်သီတင်းသုံးနိုင်ရန်နှင့် ဆွမ်းအလှူရှင်များအနေဖြင့် မိမိတို့ကပ်လှူရမည့် ဆွမ်းရက်များကို အဖွဲ့ရုံး ဖုန်း-၀၁-၃၈၂၁၁၁၊ ၀၁-၂၄၈၂၂၄၊ ၀၉-၇၉၇၃၈၂၁၁၁ သို့ ဆက်သွယ်ညှိနှိုင်းကြပါရန် ရိုသေစွာ နှိုးဆော်အပ်ပါသည်။

**တိပိဋကဓမ္မရက္ခိတအဖွဲ့**
**အမှတ် (၁၅)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၁-၃၈၂၁၁၁၊ ၀၁-၂၄၈၂၂၄၊ ၀၉-၇၉၇၃၈၂၁၁၁**

## ဆိုင်ကယ်ကုန်သည်ကြီးများ၏ ပထမဆုံးအကြိမ် ကျင်းပသော စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ဆိုင်ကယ်ကုန်သည်ကြီးများ၏ ၂၀၁၈ ခုနှစ် ပထမဆုံးအကြိမ် ကျင်းပအပ်သော စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် စနေနေ့ နံနက် ၉ နာရီတွင် စိတ္တသုခရေလည်ကျောင်းသစ်ကျောင်း၊ ဆိုင်းတန်းရပ်၊ မိတ္ထီလာမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဆိုင်ကယ်ကုန်သည်ကြီးများအား ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် အောက်ပါကထိန်အလှူတော်ဖြစ်မြောက်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ဦးညီညီငွေထွန်း ( K-ဟိန်း)-( 09-792348015)**
**ဦးမျိုးလွင် (K-ဟိန်း)-09-458041505**
**ဦးအောင်လွင်မိုး (ကောင်းသစ်လွင်)-09-402519388**
**ဦးသန်းထိုက်အောင်(DAYANG-CACT)-09-403985464**
**ဦးအောင်အောင်(HERO)-(09-457001004)**
**ဦးစိုးပိုင်(BAJAJ)-(09-444185151)**
**ဦးအောင်သီဟ ( K-ဟိန်း)-(09-444023938)**
**ဦးဝဏ္ဏ(ချောက်)-09-259444426**
**မသက်ထားဇင်(ပြည်)-09-5312927**
**ဦးကိုကိုအောင်(SUZUKI-CACT)-09-254063935**
**ဦးကြည်စိုး (DAYANG -CACT)-09-420712401**
**ဦးစိုးစိုး (ဆင်ဖြူတော်)-09-797571383**
**ဦးဥက္ကာ(Ever Ok)-09-2038758**
**ဦးမင်းမင်း (ပုသိမ်)-09-253015920**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဝေယျာဝစ္စအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ရက်မှ ၃၀ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူရငွေ |
|---|---|---|
| ၁။ | ကွယ်လွန်သူ ဖခင်ကြီးဦးတင်လတ်အားရည်စူး၍ ဒေါ်ကြည်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၂။ | ဦးစိုင်းဘညာဏ်-ဒေါ်ခင်မိမိခိုင် မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၃။ | ဖခင်ကြီးဦးစောလှဖြူနှင့် မိခင်ကြီး ဒေါ်သာနုကွယ်လွန်ခြင်း (၃)နှစ်ပြည့်အထိမ်းအမှတ်၊ ဦးလှသိန်း-ဒေါက်တာမဠူ၊ ဦးဇင်အောင်ဖြူ၊ဦးနိုင်သိန်းဖြူ-ဒေါ်မြင့်မြင့်စု၊ ဒေါ်မေအောင်ဖြူ၊ ဒေါ်အေးအေးဖြူ သားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ |
| ၄။ | နှစ်ဖက်သောအဘိုးအဘွားတို့အား အမှူးထား၍ ဦးညာဏ်သာ-ဒေါ်မြတ်မွန်၊ သမီး မမြတ်မဠူခင် မွေးနေ့ကောင်းမှု | ၁၅၀၀၀၀ |
| ၅။ | မိခင်ကြီးဒေါ်ညွန့်ခင်အားရည်စူး၍ သားကိုအောင်ဇော်ဝင်း၊ သမီးမခင်စန်းလင်း၊ မဝင်းဝင်းမော် မောင်နှမတစ်စုကောင်းမှု | ၁၃၀၀၀၀ |
| ၆။ | ကွယ်လွန်သူခင်ပွန်း ဦးကျော်မြသိန်းပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကွယ်လွန်ခြင်း(၁)လပြည့်အား ရည်စူး၍ ဇနီးနှင့်မိသားစုကောင်းမှု | ၂၅၀၀၀၀ |
| ၇။ | ဦးသန်းထွန်းအောင်-ဒေါ်တင်တင်နု၊ သား-မောင်အောင်သူစိုး၊ သမီးမဖြိုးအိခိုင်မိသားစုကောင်းမှု | ၂၃၅၀၀၀ |
| ၈။ | ဦးထွန်းလွင်-ဒေါ်ခင်ဝါဝါအေး၊ သား-မောင်ကောင်းမြတ်ထက်၊ မောင်ဝင်းမင်းခန့်မိသားစုကောင်းမှု | ၂၇၀၀၀၀ |
| ၉။ | အဘွား ဒေါ်ခင်လှမေကောင်းမှု | ၁၅၀၀၀၀ |
| ၁၀။ | ဦးမြ-ဒေါ်မေသင်းတို့အားရည်စူး၍ သားသမီးမြေးတစ်စုကောင်းမှု | ၂၉၀၀၀၀ |
| ၁၁။ | ဦးအောင်မြင့်ထွန်း-ဒေါ်တင်သန္တာခိုင်၊ သား-ညီဇင်မင်းထွန်း၊ ညီ-ခန့်အောင်ဇင်မိသားစုကောင်းမှု | ၃၄၅၀၀၀ |
| ၁၂။ | ဦးဘမူအားရည်စူး၍ ဒေါ်တင်တင်ရွှေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၃။ | ဦးဇော်မြင့်အောင်-ဒေါ်ခင်မြင့်စန်း မွေးနေ့ဆွမ်းကောင်းမှု | ၁၀၀၀၀၀ |
| ၁၄။ | ကွယ်လွန်သူ ဦးမြင့်-ဒေါ်တင်စိန်တို့အားရည်စူး၍ ဦးစိန်ဝင်း-ဒေါ်တင်တင်ရီမြင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၅။ | ဦးသန့်ဇင်-ဒေါက်တာခင်ကြူကြူ မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၆။ | ကွယ်လွန်သူ ဖခင်ကြီးဗိုလ်မှူးကြီး ထွန်းစိန်နှင့် မိခင်ကြီး ဒေါ်သန်းသန်းတို့အားရည်စူး၍ သားသမီးမြေးတစ်စုကောင်းမှု | ၂၁၅၀၀၀ |
| ၁၇။ | ဒေါက်တာ ကျော်သိန်း-ဒေါ်နန်းဥမ္မာရီ၊ သမီး-နန်းရတနာကျော်သိန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၈။ | စစ်တကောင်းဗုဒ္ဓဘာသာအဖွဲ့ကောင်းမှု | ၁၅၀၀၀၀ |
| ၁၉။ | ဒေါ်တင်တင်စန်းနှင့် ယောဂီအဖွဲ့ကောင်းမှု | ၂၂၀၀၀၀ |
| ၂၀။ | ဒေါ်လှကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၂၁။ | ကျေးဇူးရှင်ကွယ်လွန်သူ ဖခင်ကြီးဦးတင်အောင်-ကျေးဇူးရှင် ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်တင်ဦးတို့အား ရည်စူး၍ကျန်ရစ်သူမိသားစုကောင်းမှု | ၃၃၀၀၀၀ |
| ၂၂။ | ဦးဘုန်းမြင့်အောင်မွေးနေ့ကောင်းမှု | ၂၅၀၀၀၀ |
| ၂၃။ | ဦးရဲထွဋ်လှိုင်-ဒေါ်အေးအေးစိုး မိသားစုကောင်းမှု | ၂၆၀၀၀၀ |
| ၂၄။ | ကွယ်လွန်သူနှစ်ဖက်မိဘများဖြစ်ကြသော ဦးသန်းဖေ-ဒေါ်မြရီ၊ ဦးမောင်ကြည်-ဒေါ်ရင်ကြည်တို့အား ရည်စူး၍ ဗိုလ်ချုပ်ဗေယျကျော်ထင်ဝင်းသန်း(ငြိမ်း)-ဗိုလ်ကြီးဒေါ်ရီရီဝင်းသားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ |
| ၂၅။ | ဒေါ်ခင်ခင်ကြီး (၅၃) နှစ်ပြည့်မွေးနေ့ကောင်းမှု | ၄၄၀၀၀၀ |
| ၂၆။ | မောင်အောင်ခန့်ကျော်မိုး (၁၃)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၂၇။ | ဒေါက်တာ ဒေါ်မြမြသန်းမိသားစု၊ ဦးသန်းခင်-ဒေါ်မြသွေး မိသားစု၊ ဦးတင်ထွေး-ဒေါ်စန်းစန်းမေ မိသားစုများကောင်းမှု | ၂၁၀၀၀၀ |
| ၂၈။ | ပျံလွန်တော်မူသော တောင်ငူဆရာတော်ကြီးအားရည်စူး၍ ဦးနေဝင်း-ဒေါ်လှလှမြိုင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၂၉။ | ဦးလှဖေအားရည်စူး၍ ဒေါ်စန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃၀။ | ဒေါ်မေဖြူဇင်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| | စုစုပေါင်း | ၆၄၉၅၀၀၀ိ/- |

ဖုန်း-၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၉၄

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ရက်မှ ၃၀ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူရငွေ |
|---|---|---|
| ၁။ | မိခင်ကြီးဒေါ်ညွန့်ခင်အားရည်စူး၍ ကိုသန်းထိုက်ဝင်း-မစန်းစန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၂။ | မမြင့်မြင့်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃။ | ဦးကျင်ရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄။ | ဦးသန်းထွန်းအောင်-ဒေါ်တင်တင်နု၊ သားမောင်အောင်သူစိုး၊ သမီး မဖြိုးအိခိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅။ | အဘွားဒေါ်ခင်လှမေကောင်းမှု(နှင်းဆီကုန်းဘိုးဘွားရိပ်သာ) | ၁၅၀၀၀၀ |
| ၆။ | အဘွားဒေါ်သန်းမြင့်ကောင်းမှု(နှင်းဆီကုန်းဘိုးဘွားရိပ်သာ) | ၂၀၀၀၀၀ |
| ၇။ | ဦးဘမူအားရည်စူး၍ဒေါ်တင်တင်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈။ | ဦးရင်မောင် ကောင်းမှု၊ မော်လမြိုင်မြို့ | ၁၀၀၀၀၀ |
| ၉။ | သမီးလေး-မပိုးနှင်းဖြူအောင်ကြီး၏ မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀။ | ကွယ်လွန်သူ ဦးဘိုနီ၊ ဦးနီတင်းကူးမာန်(ခ)ဦးတင်အောင်၊ ဦးဒက်တူး၊မောင်စိုးကျော်တို့အားရည်စူး၍ ဒေါ်ကျင်ဝင်း၊ ဒေါ်တင်တင်ရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၁။ | ကွယ်လွန်သူဦးမြင့်-ဒေါ်တင်စိန်တို့အားရည်စူး၍ ဦးစိန်ဝင်း-ဒေါ်တင်တင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၂။ | ဆရာတော်ဦးသောဘိတ သစ္စာဝါဒီကျောင်းတိုက်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၃။ | ဒေါက်တာကျော်သိန်း-ဒေါ်နန်းဥမ္မာရီ၊ သမီး နန်းရတနာသိန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၄။ | ဦးအောင်မျိုးမြင့်ဦး-ဒေါ်ဝင်းသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၅။ | ဦးချစ်ရွှေ-ဒေါ်သန်းမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၆။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးတင်မိုးနိုင်-ဒေါ်နှင်းဝင်းဝင်းသိန်း၊ သား မောင်ကောင်းခန့်ဇော်၊မောင်နေမင်းခန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၇။ | ဦးဝင်းကြည်-ဒေါ်ကျင်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၈။ | ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီးဦးတင်အောင်နှင့် ကွယ်လွန်သူကျေးဇူးရှင်မိခင်ဒေါ်တင်တင်ဦးတို့အား ရည်စူး၍ ဗိုလ်မှူးကြီးအောင်စိုးနှင့်သမီးကြီး မမာ၊ သမီးလတ် မဝါမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၉။ | ကျေးဇူးရှင်မိခင်ကြီးဒေါ်တင်တင်ဦးအားရည်စူး၍ သမီးမထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၂၀။ | မိခင်ကြီး ဒေါ်တင်မေအားအမှူးထား၍ သား/သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၂၁။ | ဒု-ဗိုလ်မှူးကြီးအောင်ပြည့်(ငြိမ်း)-ဒေါ်ခင်မြမူ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၂၂။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးတင်မြင့် နှစ်(၅၀)ပြည့်နှင့် ကွယ်လွန်သူမိခင်ကြီးဒေါ်စန်းငြိမ်း (၁၃)နှစ်ပြည့်တို့အား ရည်စူး၍ ဒေါ်သွယ်သွယ်မြင့် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၂၃။ | ကွယ်လွန်သူဖခင်ကြီးဦးနေဝင်းအားရည်စူး၍ ဇနီးဒေါ်အိမ်မြနှင့်သားသမီးမြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၂၄။ | ဒေါ်ခင်သန်းမြင့်ကောင်းမှု | ၁၀၀၀၀၀ |
| ၂၅။ | ကွယ်လွန်သူမိခင်ကြီးဒေါ်သိန်းတင်အားရည်စူး၍ သမီး ဒေါ်ဥမ္မာ၊ မြေး မမီကိုမိသားစု | ၁၀၀၀၀၀ |
| | စုစုပေါင်း | ၃၃၅၀၀၀ိ/- |

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၁၅

ဒေါ်ဆွေဇင်ဖူး နှင့် ဒေါ်စန်းစန်းထွေး

တရားလို တရားပြိုင်

